# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ရက်၊ ၂၀၀၈ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၇)၊ အမှတ်(၃၅၅)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဂျာမနီနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဂျူးလီးယက်ဂီရော့လ္လိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီ နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ ဂျူးလီး ယက်ဂီရော့လ္လိုင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏သံအမတ်ခန့်အပ် လွှာကို ပေးအပ်စဉ်။** (သတင်းစဉ်)

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အစ္စရေးလ်နိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးလ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာယာရွှန်မေယာသည် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးလ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ယာရွှန်မေယာအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၄ ရက်)

## ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး လက်တွဲကြိုးပမ်း အနှောင့်အယှက်၊ အတားအဆီးများကို ကျော်လွှားတိုက်ဖျက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးအင်အားစုကြီးအဖြစ် ရပ်တည်လျက်ရှိသည်။

အသင်းကြီးကို မွန်မြတ်မှန်ကန်သော အမျိုးသားရေးတာဝန်(၃)ပါးအပေါ်အခြေခံသည့် ရည်ရွယ်ချက်(၅)ရပ်၊ အခြေခံမူ(၅)ရပ်၊ ကတိသစ္စာ(၄)ချက်၊ ကျင့်ဝတ်(၁၁)ပါးနှင့် တာဝန်ဝတ္တရား(၁၄)ချက်တို့နှင့် ပြဋ္ဌာန်းထူထောင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် အမျိုးသားအကျိုးစီးပွားအတွက် ပြည်သူများနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။

ယနေ့လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ အင်အားများဖြစ်သဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းအားကိုအခြေခံ၍ တည်ထောင်သွားကြရမည်ဖြစ်သည်။

ယနေ့ခေတ်သည် ပညာခေတ်၊ နည်းပညာခေတ်ဖြစ်၍ နိုင်ငံအများသည် သဘာဝသယံဇာတကိုအခြေခံပြီး ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ခြင်းအစား မကုန်ခန်းနိုင်သော အတတ်ပညာနှင့် လူ့စွမ်းအားအရင်းအမြစ်တို့ကို အခြေခံကာ ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နေသည့်စနစ်သို့ ကူးပြောင်းနေသောကာလ ဖြစ်သည်။

အနာဂတ်တွင် နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရပ်တည်နိုင်ရန် ယနေ့လူငယ်များသည် ဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာများနှင့် ရည်မှန်းချက်ပန်းတိုင်ကို ဖျက်ဆီးနိုင်စွမ်းရှိသည့် စိန်ခေါ်မှုမှန်သမျှကို မှန်ကန်သောအတွေးအခေါ်နှင့် ဝေဖန်သုံးသပ်ပြီး အောင်မြင်ကျော်လွှားသွားကြရမည်ဖြစ်သည်။

စစ်မှန်သောအင်အားများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့နှင့်ပူးပေါင်းပြီး ကြိုးပမ်းဖော်ဆောင်မှုကြောင့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိခံစားနေရပြီ ဖြစ်သည်။

သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးတွင် အသင်းဝင်များသည် အနှောင့်အယှက်၊ အတားအဆီးများကို ကျော်လွှားတိုက်ဖျက်ရင်း တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို နိုင်ငံတော်နှင့်လက်တွဲ၍ အင်တိုက်အားတိုက် ဖော်ဆောင်သွားကြရမှာဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများ သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၃

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ သွေးစည်းညီညွတ်ရေး အစီအစဉ်အရ ဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများ သင်တန်း (၂/၂၀၀၈)ဖွင့်ပွဲကို ယမန်နေ့ နံနက် ၈နာရီက ရန်ကုန်မြို့ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ GOAL HOTEL ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

### တက်ရောက်

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၂ရက်မှ ၂၆ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဌာနခွဲများနှင့် ပြည်နယ်နှင့်တိုင်း အားကစားနှင့် ကာယပညာဦးစီးဌာနများမှ သင်တန်းသား သင်တန်းသူ ၂၄ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၂၄-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၅။ မြန်မာစာ မြန်မာစကား
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၂၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅:၄၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၃၂)
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ မြန်မာဗီဒီယိုဇာတ်လမ်းတွဲ **အိပ်မက်ဆိုးမှမနိုးခင်** (အပိုင်း-၅)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဖြေလိုက်ပါ
- ၂၁။ ICT သုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်ခြင်းရဲ့နောက်ကွယ်** (အပိုင်း-၂၆)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၉/၂၀၀၈) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဖွင့် ဒုတိယဝန်ကြီး ဦးကျော်သူ အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၃

**နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၉/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃နာရီက ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။**

### တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အငြိမ်းစားပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### ပို့ချသွားမည်

ယင်းသင်တန်း၌ အပြည်ပြည်ဆိုင်ရာ ညီလာခံများ၊ အစည်းအဝေးများကျင်းပခြင်းနှင့် တက်ရောက်ခြင်း၊ နိုင်ငံတကာ လူမှုဆက်ဆံရေးနီတိ၊ သံတမန်ဆက်ဆံရေး၊ သံတမန်စာနှင့် ရုံးသုံးစာများရေးသားခြင်း၊ ဆက်သွယ်ပြောဆိုမှု အတတ်ပညာ၊ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေး၊ နိုင်ငံတကာ ဥပဒေနှင့် စေ့စပ်ညှိနှိုင်းခြင်း ပညာများကို ပို့ချသွားမည်ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၈ဦးတို့ ရက်သတ္တ ၁၂ပတ်ကြာမည် ဖြစ်သည်။ တက်ရောက်ကြပြီး သင်တန်းကာလမှာ **(သတင်းစဉ်)**

## ချောင်းဦးမြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ချောင်းဦး စက်တင်ဘာ ၂၃

ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ရက် နံနက်၉နာရီက မြို့နယ်အသင်းရုံး၌ ကျင်းပသည်။

### အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်မောင်နှင့် တိုင်းအလုပ်အမှုဆောင် ဒေါ်သိဂီဝင်းရွှေတို့က အမှာစကားပြောကြားကြပြီး မြို့နယ်အတွင်းရေးမှူး ဒေါက်တာလှစိန်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

### ဆုချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဒေါက်တာလှစိန်က ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်ကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ စည်းရုံးရေးစွမ်းဆောင်ရည်အကောင်းဆုံးဆုရ ကင်မွန်းတော်ကျေးရွာ၊ ဘလွေကျေးရွာနှင့် အောင်ချမ်းသာကျေးရွာများမှ စည်းရုံးရေးမှူးများ၊ ရောဝတီတိုင်းအတွင်းရှိ မုန်တိုင်းသင့်ဒေသများသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော အသင်းဝင်ငါးဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၄-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့ )**

**AM & PM**

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **လူချမ်းသာ** တရားတော် (ဒုတိယပိုင်း) (ဆရာတော် ဘဒ္ဒန္တ ဝိစက္ခဏာ လင်္ကာရာဘိဝံသ)
- ၇:၅၅-၁:၅၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
- ၈:၂၅-၂:၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၈:၅၀-၂:၅၀ စီးဆင်းပါစေ မေတ္တာရည် (မေကဗျာ၊ ဖူးဖူး)
- ၉:၀၀-၃:၀၀ တေးဂီတအစီအစဉ်
- ၉:၀၅-၃:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၁၅-၃:၁၅ နုယဉ်ဆန်းထွင် ပန်းအလှဆင် (မိမိစိတ်ကြိုက် ပန်းအလှပြင်ဆင်ခြင်း)
- ၉:၃၅-၃:၃၅ တေးဂီတအစီအစဉ်
- ၉:၄၀-၃:၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၄၅-၃:၄၅ လေ့လာဆည်းပူး သင်ယူချင်စရာ RV Centre မှာ (အပိုင်း-၂)
- ၁၀:၁၅-၄:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀-၄:၂၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၂၅-၄:၂၅ Midweek Sports News
- ၁၀:၄၀-၄:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅-၄:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၅၅-၄:၅၅ ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
- ၁၁:၀၅-၅:၀၅ တေးဂီတအစီအစဉ်
- ၁၁:၁၀-၅:၁၀ Yangon Panorama (Sony Professional HD World Revolution)
- ၁၁:၃၀-၅:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၅-၅:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀-၅:၄၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ
- ၁၁:၅၅-၅:၅၅ Antioxidants & Your Health (အပိုင်း-၂) (ဒေါက်တာဝင်းထွန်း)
- ၁၂:၂၅-၆:၂၅ တေးဂီတအစီအစဉ်
- ၁၂:၃၀-၆:၃၀ Myanmar Video Rhythm
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

စက်တင်ဘာ ၂၃ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး မစ္စတာဂျူးလီးယက်ဂီရော့လ္လိုင်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းရှေ့ဖုံး)

(သတင်းစဉ်)

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် သုံးတိုက်နှင့် ပန်းဘဲတန်းမြို့နယ် သနန္တနပဟိန္ဒူအဖွဲ့ချုပ်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့ အတွင်းရှိ နားမကြားသောကလေးများကျောင်းနှင့် မျက်မမြင်ကျောင်းများသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတို့ကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် ပန်းဘဲတန်းမြို့နယ်ရှိ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်နှင့် ဒဂုံမြို့နယ်ရှိ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းတို့၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်သည်။

**အလှူတော်ငွေ**

ပန်းဘဲတန်းမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် သုံးတိုက်နှင့် သနန္တနပဟိန္ဒူအဖွဲ့ချုပ်တို့သို့ လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော်အိတ် ၈၀နှင့် သုံးပြည်၊ ဆီပိဿာ၂၈၀နှင့် ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆားပိဿာ၃၃၀၊ တိုင်းရင်းဆေးမျိုးစုံ၉၀၇ဘူးနှင့် ၆၂၄ထုပ်၊ လေဆာသွားတိုက်ဆေးဘူး ၄၄၂ဘူး၊ ဂေါ်ဇီလာခြင်နိုင်ဆေးခွေ ဘူး ၃၂၀၊ ပဲ ၂၁အိတ်၊ သွားတိုက်ဆားဘူး ၆၁ဘူး၊ အာဟာရနို့မှုန့်၃၆ဘူး၊ အသားတု ၁၀အိတ်၊ ဂျုံတစ်အိတ်၊ ကြိုသကာ ၁၅ပိဿာ၊ ကြက်သွန်နီပိဿာ၂၀၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်အထုပ် ၅၀၀နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၇၃၃၈၅၅၅တို့ ဖြစ်သည်။

**လှူဒါန်းမှု**

ဒဂုံမြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့ အတွင်းရှိ နားမကြားသောကလေးများကျောင်းနှင့် မျက်မမြင်ကျောင်းများသို့ လှူဒါန်းမှုအစုစုမှာ ဆန်၁၁အိတ်နှင့် ခြောက်ပြည်၊ ဆီ ၇၂ပိဿာနှင့် ၆၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၆၂၆ ပိဿာ၊ သွားတိုက်ဆားဘူး၁၂၅ဘူး၊ တိုင်းရင်းဆေးမျိုးစုံ၁၄၄၉ဘူး၊ ပဲ၁၂၅ ပိဿာ ၂၀ကျပ်သား၊ ဘုတ်ဆုံမငရုတ်သီးမှုန့်အထုပ်၅၀၀၊ လေဆာသွားတိုက်ဆေးဘူး၄၄၅ဘူး၊ ဂေါ်ဇီလာခြင်နိုင်ဆေးဘူး၃၂၀နှင့် ဆပ်ပြာ အတောင့်၁၀၀၊ ငွေပဒေသာပင် စုစုပေါင်းငွေကျပ် ၄၇၆၁၀၀၀ တို့ဖြစ်သည်။

(သတင်းစဉ်)

စက်တင်ဘာ၂၃ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးလ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ယာရွန်မေယာ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

## ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၃**

**"ပျူဟာသူတို့အိမ်ဂေဟာ မြန်မာပြည်ကိုလာလည်ပါ"**မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်မြင့်တင်ရေးအပေါ် သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၃၇) ထွက်ရှိလာသည်။

ထို့အပြင် မြန်မာ့ပဲတန်ချိန်တစ်သန်း အိန္ဒိယကဝယ်ယူမည်၊ အာဆီယံ လက်မှုအနုပညာပစ္စည်းပြခန်း အမျိုးသားပြတိုက်တွင်ဖွင့်လှစ်၊ ရူပီးကုမ္ပဏီ တစ်သောင်းခွဲခန့်ကုန်ကျမည့် ရေအားလျှပ်စစ်စီမံကိန်းနှစ်ခု အိန္ဒိယက မြန်မာပြည်တွင် တည်ဆောက်မည်၊ မြန်မာ့အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ၂၀၀၈ခုနှစ် အာဆီယံစီးပွားရေးဆု ဝင်ရောက်ယှဉ်ပြိုင်နိုင်၊ ၁၅၄ပေရှည်သည့် မြေအောက် ရထားလမ်းတစ်ခုပါမည့် ကြံခင်း-ပခုက္ကူရထားလမ်းပိုင်းတွင် ဘူတာပေါင်း ၆၅ရုံ တည်ဆောက်မည်၊ စတီရီယို စနစ်သုံး အဆင့်မြင့်ရုပ်ရှင်ဇာတ်ကားများ မြန်မာနိုင်ငံတွင် ပထမဆုံးတည်းဖြတ် ထုတ်လုပ်နိုင်ပြီ၊ ရွှေတြိဂံဒေသသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုရောက်ရှိရေး ကန်ဒေါ်လာဖ၈သန်းကုန်ကျမည့် ခရီးသွားလုပ်ငန်း စီမံကိန်းကြီး မကြာမီ အကောင်အထည်ဖော်မည်၊ ဆိုမာလီပင်လယ်ကွေ့တွင် ပြန်ပေးဆွဲခံရသော မြန်မာသင်္ဘောသားများ မိသားစုဝင်များနှင့် အဆက် အသွယ်ရပြီဟုဆို၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "မိမိကိုယ်ကို ယုံကြည်မှု"အကြောင်း စသည့်ကဏ္ဍစုံလင်စွာဖြင့် ပြည့်တွင်းရေးရာသတင်းများ ပါရှိသည်။

အသုံးမပြုတော့သောကျောင်းတစ်ကျောင်းကို နိုင်ငံခြားအလုပ်သမား အိပ်ဆောင်အဖြစ်ပြောင်းလဲမည့်သတင်းကြောင့် ဒေသခံများကန့်ကွက်၊ အမည်မသိအလှူရှင်တစ်ဦးက သူပေါက်သည့်ထီလက်မှတ်ကို လူမှုရေးအလှူခံပုံးတွင် ထည့်လှူ၊ ဩစတြေးလျသို့ နိုင်ငံခြားမှကျောင်းသားများ စုပုံဝင်ရောက်၊ သခင်၏ အသက်ကိုကယ်သည့် ဂျာမန်သိုးထိန်းခွေးတစ်ကောင်အကြောင်း၊ နတ်ဒေဝါများ စောင့်ရှောက်လေသလား အိမ်တစ်လုံးမှာ ထီးထီးမားမား မုန်တိုင်းဒဏ်က လွတ်မြောက်သွား၊ ထုပ်ပိုးပြုပြင်ထား သည့်အသုပ်အစားအစာများက အစာအဆိပ်သင့်မှုကိုဖြစ်ပွားစေ၊ "ဇနီးသည်အပေါ် ဆိုးရွားစွာအကြမ်းဖက်ရက်စက်သည့် ခင်ပွန်းသည်"အကြောင်း မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့ကဒီလိုတဲ့"ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊ နည်းပညာကဏ္ဍ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

## ကမ္ဘာ့သွားနှင့်ခံတွင်း အသိအမှတ်ပြု လက်မှတ်များ ပေးအပ်ချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၃**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ တိုက်ရိုက်မဟုတ်ဘဲ ကမ္ဘာ့ကျန်းမာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော နယ်သာလန်အခြေစိုက် သွားနှင့်ခံတွင်း ကျန်းမာရေးဌာနသည် Cool နှင့် 3D အပါအဝင် မြန်မာနိုင်ငံလုပ် သွားတိုက်ဆေးကုမ္ပဏီခြောက်ခုအား Fluoride လုံလောက်စွာ ပါဝင်သည့် သွားတိုက်ဆေးဖြစ်ကြောင်း အသိအမှတ်ပြုထားပြီးဖြစ်သည်။

**ပေးအပ်ချီးမြှင့်**

အဆိုပါ သွားတိုက်ဆေးထုတ်လုပ်သည့်ကုမ္ပဏီများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံချိန်စံညွှန်းများနှင့်အညီ Fluoride ပမာဏ တိတိကျကျထည့်သွင်းထုတ်လုပ်ထားသောကြောင့် သွားများကို ဖြူဖွေးသန့်စင်ပြီး သွားရောဂါများကို ကြိုတင်ကာကွယ်နိုင်သော အရည်အသွေးများရှိကြောင်း၊ အသိအမှတ်ပြုသောအားဖြင့် အသိအမှတ်ပြု လက်မှတ်များကို နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ခန်းမဆောင်၌ စက်တင်ဘာ ၁၂ရက်ကပြုလုပ်သော အခမ်းအနားတွင် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ၂၀၀၉ ခုနှစ် ပြက္ခဒိန်ဝယ်ယူနိုင်

**ရန်ကုန် စက်တင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသည့် ၂၀၀၉ ခုနှစ် (မြန်မာသက္ကရာဇ် ၁၃၇၀-၁၃၇၁ ခုနှစ်)ပြက္ခဒိန်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းပြက္ခဒိန်ကို မျက်နှာဖုံး အပ်ပေပါ၊ အတွင်းကို ဂူဖရီးစက္ကူချောများဖြင့် စီစဉ်ပုံနှိပ်၍ ၁၂မျက်နှာ ခြောက်ရွက်ဖြင့် ခံ့ညားစွာထုတ်ဝေဖြန့်ချိထားပြီး ပြက္ခဒိန်တွင် ရုံးပိတ်ရက်များ၊ ရက်ရာဇာ၊ ပြဿဒါးနှင့် နဂါးလှည့်တို့ကို ပြည့်စုံထင်ရှားစွာ ထည့်သွင်းဖော်ပြထားသည်။

အဆိုပါ ပြက္ခဒိန်ကို မြန်မာနိုင်ငံတစ်ဝန်း အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

## စီးပွားရေးတက္ကသိုလ် ကျောင်းသူကျောင်းသားများ (၁၉၆၆-၁၉၇၀) အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၃**

၁၉၆၆-၁၉၇၀ စာသင်နှစ် ကျောင်းသူ ကျောင်းသားများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ယခုနှစ် ဒီဇင်ဘာ ၁၄ရက် (တနင်္ဂနွေနေ့)တွင် ကန်တော်ကြီး၌ ကျင်းပရန် စီစဉ်ထားသည်။

**ဆက်သွယ်**

၁၉၆၆-၁၉၇၀ စာသင်နှစ်အတွင်း တွေ့ဆုံခဲ့ကြသည့် သူငယ်ချင်းများအားလုံး တက်ရောက်နိုင်ကြပြီး အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိန်ဝင်း ဖုန်း-၀၉-၅၀-၃၇၉၆၂၊ ၇၂၁၅၇၀၊ ဦးတင်ထွန်း ဖုန်း-၀၉-၅၁-၁၃၁၉၅၊ ၂၉၄၉၁၈၊ ဒေါ်ညိုမီကြည် ဖုန်း-၀၉-၅၀-၀၃၀၉၂၊ ၅၈၀၂၅၈၊ ဒေါ်ဆွေတင်ဝင်း (မန္တလေးမြို့) ဖုန်း-၀၂-၃၆၉၀၀ တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် လိပ်စာစာအုပ်ထုတ်မည်ဖြစ်ရာ လိပ်စာမပေးရသူများ၊ အပြောင်းအလဲရှိသူများသည် အောက်တိုဘာ ၂၀ရက် နောက်ဆုံးထား၍ ဦးခိုင်စိန် အခန်း(၄) တိုက်(၁) အနော်ရထာအိမ်ရာ ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၉-၅၀-၃၈၀၁၂၊ ၂၉၄၉၁၈၊ ၂၀၃၂၁၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အာဖဂန်နစ္စတန် စစ်ပွဲတွင် ဂျာမနီနှင့် ဗြိတိန်ပါဝင်နေမှု ဥရောပပြည်သူ ထောင်ပေါင်းများစွာ ဆန့်ကျင်ဆန္ဒပြ

ဘာလင် စက်တင်ဘာ ၂၃

ဂျာမနီနိုင်ငံ ဘာလင်မြို့၊ စတုဂတ်မြို့နှင့် ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့တို့တွင် စက်တင်ဘာ ၂၁ရက်က ဂျာမနီနှင့် ဗြိတိန်တို့၏ အာဖဂန်နစ္စတန်နိုင်ငံစစ်ပွဲတွင် ပါဝင်နေမှုကို ထောင်ပေါင်းများစွာသော ပြည်သူတို့က ဆန့်ကျင်ဆန္ဒပြကြသည်။

**တောင်းဆို**

ဂျာမနီနိုင်ငံတွင် ငြိမ်းချမ်းရေးအင်အားစုအဖွဲ့ ၂၅၀ခန့်တို့ ပါဝင်သော လူထောင်ပေါင်းများစွာတို့သည် ငြိမ်းချမ်းစွာ နေထိုင်ခွင့်ရရေး၊ အာဖဂန်နစ္စတန်နိုင်ငံမှ တပ်ဖွဲ့ဝင်များ ဆုတ်ခွာရေးကို တောင်းဆိုခဲ့ကြသည်။

**ဆန္ဒပြ**

ထို့အတူ ဂျာမနီနိုင်ငံ ဘာလင်မြို့တွင်လည်း ပြည်သူထောင်ပေါင်းများစွာတို့က အာဖဂန်နစ္စတန်စစ်ပွဲတွင် မပါဝင်ရေးအတွက် တောင်းဆို ဆန္ဒပြခဲ့ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ဂျာမနီတပ်ဖွဲ့ဝင် ၃၃၀၀ကျော် တာဝန်ထမ်းဆောင်နေသည်။ ဘာလင်မြို့ လူထုဆန္ဒပြပွဲတွင် ပြည်သူ ၇၀၀၀ ပါဝင်ဆန္ဒပြခဲ့ပြီး စတုဂတ်မြို့တွင် ပြည်သူ ၅၀၀၀ ပါဝင်ဆန္ဒပြခဲ့ကြသည်ဟု သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

## အီရတ်၌ အသေခံထရပ်ကား ပုံးဖောက်ခွဲမှုဖြစ်ပွား နှစ်ဦးသေဆုံး၊ ၄၀ကျော် ဒဏ်ရာရ

မိုဆူးလ် စက်တင်ဘာ ၂၃

**အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် စက်တင်ဘာ ၂၃ရက် ညပိုင်းက ထရပ်ကားတစ်စီးမှနေ၍ အသေခံဗုံးဖောက်ခွဲမှု တစ်ရပ်ဖြစ်ပွားရာ ရဲကွန်မန်ဒိုတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး ၄၀ကျော် ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။**

မိုဆူးလ်မြို့ တောင်ဘက်ရှိ ရဲကွန်မန်ဒို တပ် အခြေစိုက်စခန်းအတွင်းသို့ ယင်းနေ့ ညနေ ၅နာရီ ၁၅မိနစ်၌ အသေခံကားဗုံး ဖောက်ခွဲရေးသမားမှာ ဖောက်ခွဲရေးပစ္စည်း များ အပြည့်တင်ဆောင်လာသည့် ထရပ်ကားကို မောင်းနှင်ဝင်ရောက်ကာ အသေခံ ဗုံးဖောက်ခွဲ တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

သေဆုံးသူဦးရေမှာ ထပ်မံမြင့်တက်လာနိုင်ကြောင်း၊ ဗုံးပေါက်ကွဲမှုအားမှာ ပြင်းထန်လွန်းသဖြင့် အနီးအနားရှိ နေအိမ် ၅၀ခန့်မှာလည်း ဆိုးရွားစွာ ပျက်စီးသွားခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၄၀၀အကွာရှိ မိုဆူးလ်မြို့မှာ အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားများ အများစုတည်ရှိရာ မြို့ဖြစ်သည်။

(အင်တာနက်)

## မသန့်ရှင်းသောနို့မှုန့်များ တရုတ်နိုင်ငံတွင် ဈေးကွက်မှဖယ်ရှား သေဆုံးသူကလေးငယ် လေးဦးအထိရှိလာ

ပေကျင်း စက်တင်ဘာ ၂၃

တရုတ်နိုင်ငံတွင် မသန့်ရှင်းသော နို့မှုန့်သောက်သုံးမိသည့်အတွက် ကလေးငယ်သောင်းနှင့်ချီ၍ မမာမကျန်းဖြစ်ရသည့်ပြဿနာ ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ပေါ်ပေါက်ခဲ့ရာ ထိုနို့မှုန့်ကြောင့် သေဆုံးရသူ ကလေးငယ်ဦးရေမှာ ယခုအခါ လေးဦးအထိရှိလာကြောင်း တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံတွင် နို့မှုန့်ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီကြီးပေါင်း ၁၀၉ ခုရှိသည့်အနက် ကုမ္ပဏီ ၂၂ ခုမှ ဖြန့်ဖြူးသောနို့မှုန့်များကို အရည်အသွေးထိန်းချုပ်စစ်ဆေးရေးဌာနက စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

**၁၀ ရာခိုင်နှုန်း**

ထိုစစ်ဆေးချက်အရ စန်လု (Sanlu)အမျိုးအစား နို့မှုန့်အပါအဝင် အချို့နို့မှုန့်များတွင် မသန့်ရှင်းသော ဓာတ်ပစ္စည်းများပါဝင်သည်ကို တွေ့ရှိရကြောင်းသိရသည်။ မသန့်ရှင်းသော နို့မှုန့်ပါဝင်မှု အချိုးအစားသည် ၁၀ရာခိုင်နှုန်းမျှသာ ရှိသည်ဟု ဆိုသည်။

နို့အရည်များမှာမူ အချို့နို့မှုန့်များကဲ့သို့ မယ်လမင်းဓာတ်ပါဝင်သည်ကို မတွေ့ရဘဲ စိတ်ချစွာသောက်သုံးနိုင်ကြောင်း အဆိုပါအရည်အသွေး ထိန်းချုပ်စစ်ဆေးရေးဌာနက ထုတ်ပြန်သည်။ သန့်ရှင်းသော နို့အရည်တံဆိပ်များတွင် စန်ယောင် (Samyuan) နှင့် နက်စတယ်(Nestle)တံဆိပ်များ ပါဝင်ကြောင်း သိရသည်။

ဈေးကွက်အတွင်းရှိနို့မှုန့်များအနက် စက်တင်ဘာ ၂၃ရက်အထိ မသန့်ရှင်းကြောင်း တွေ့ရှိရသည့် နို့မှုန့် ၇၀၇၄ တန်ကို ဈေးကွက်အတွင်းမှဖယ်ရှားပြီးဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

မယ်လမင်းဓာတ်ရောနှောပါဝင်နေသော မသန့်ရှင်းသည့် နို့မှုန့်များကို သောက်သုံးမိသည့်အတွက် တရုတ်နိုင်ငံတစ်ဝန်းတွင် ဆေးရုံတက်ကုသနေသော ကလေးများအနက် ကလေး ၁၃၀၀၀ခန့်မှာ နာမကျန်းဖြစ်ကာ ဆေးရုံတက်ရောက် ကုသနေကြရဆဲဖြစ်ပြီး ကလေးငယ် ၄၀၀၀၀ခန့်မှာ ရောဂါပျောက်ကင်းသက်သာသွားပြီဖြစ်၍ ဆေးရုံမှ ဆင်းနိုင်ကြပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ၂၀ရက်၌ ပြောကြားသည်။

မသန့်ရှင်းသည့် နို့မှုန့်ပြဿနာနှင့်ပတ်သက်၍ တရုတ်နိုင်ငံသည် မှန်ကန်သော ကျန်းမာရေး စစ်ဆေးဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

**ဆမ်ဆောင်းကုမ္ပဏီ လုပ်ငန်းခွင်တစ်နေရာ**

**တောင်ကိုရီးယားနိုင်ငံ ဆူဝမ်မြို့ရှိ ဆမ်ဆောင်းကုမ္ပဏီ၏ အယ်လ်စီဒီ ရုပ်မြင်သံကြားထုတ်လုပ်သည့် စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို စက်တင်ဘာ ၂၃ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

**လောင်းမတ်တူး အက်ဖ်ဒုံးပျံ**

**တရုတ်နိုင်ငံ ရှန်ကျိုးမြို့၌ အာကာသနည်းပညာပြပွဲတွင် ပြသထားသည့် လောင်းမတ်တူးအက်ဖ် ဒုံးပျံယာဉ်ကို စက်တင်ဘာ ၂၃ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## ဘိုလီးဗီးယား၌ ယာဉ်တိုက်မှုဖြစ်ပွား ၁၅ဦးသေဆုံး ၅၁ဦးဒဏ်ရာရ

လီမာ စက်တင်ဘာ ၂၃

ဘိုလီးဗီးယားနိုင်ငံ မြောက်ပိုင်း ပြည်နယ်လာပါ့ဇ်မြို့နှင့် အရှေ့တောင်ပိုင်း ပြည်နယ်အိုယူရိုတို့ကို ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမကြီးပေါ်၌ စက်တင်ဘာ ၂၂ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ၁၅ဦး သေဆုံးပြီး ၅၁ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘတ်စ်ကားတစ်စီးနှင့် မီနီဘတ်စ်ကားတစ်စီးတို့ ယင်းနေ့နံနက်ဇနာရီခန့်တွင် မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်ကာ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ကားဗုံး ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၂၃ရက်က တွေ့ရစဉ်။**

(ယင်းဖြစ်ပွားမှုကြောင့် အရပ်သား သုံးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။)

**(အင်တာနက်ဓာတ်ပုံ)**

## မြန်မာ့အလင်း ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၃-၉-၂၀၀၈

### ကနေဒါအရှေ့ပိုင်း၌ ဆေးခြောက်ပင် လေးသောင်းကျော်ဖျက်ဆီး

အော့တဝါ စက်တင်ဘာ ၂၃

ကနေဒါနိုင်ငံ အွန်တာရီပြည်နယ်တွင် ယခုသီတင်းပတ် စောစောပိုင်းက ရဲတပ်ဖွဲ့ဝင်များ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ တရားမဝင်စိုက်ပျိုးထားသည့် ဆေးခြောက်ပင် လေးသောင်းကျော်ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း စက်တင်ဘာ ၂၃ရက်တွင် ပြည်နယ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ ယင်းအပင်များကို ပန်ဘုတ်ခ်မြို့အနီးရှိ နှံစားပြောင်း စိုက်ခင်းများအတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ကနေဒါနိုင်ငံသမိုင်းတွင် ဆေးခြောက်ပင် အများဆုံးစိုက်ပျိုးထားမှုကို ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

### ဗီယက်နမ်၏ ပထမဆုံး ရေနံချက်စက်ရုံ လာမည့်နှစ်၌ လုပ်ငန်းများ စတင်လည်ပတ်မည်

ဟန်နွိုင်း စက်တင်ဘာ ၂၃

ဗီယက်နမ်နိုင်ငံ၏ ပထမဆုံး ရေနံချက်စက်ရုံဖြစ်လာမည့် ဒေါင်ကွတ်ရေနံချက်စက်ရုံ တည်ဆောက်မှုလုပ်ငန်းများမှာ ၈၇ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ရာ လာမည့် ၂၀၀၉ခုနှစ် ပထမလေးလပတ်အတွင်း လုပ်ငန်းများအပြည့်အဝ စတင်လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ယုသ်သတင်းစာက ရေးသားဖော်ပြသည်။ ယင်းရေနံချက် စက်ရုံ တည်ဆောက်ပြီးစီးပါက ပြည်တွင်းလိုအပ်ချက်၏ သုံးပုံတစ်ပုံကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

### ဗင်နီဇွဲလားသမ္မတ တရုတ်ချစ်ကြည်ရေးခရီးစတင်

ပေကျင်း စက်တင်ဘာ ၂၃

တရုတ်သမ္မတ ဟူကျင်တောင်၏ ဖိတ်ကြားချက်အရ ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်၏ တရုတ်နိုင်ငံသို့ သုံးရက်ကြာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် စက်တင်ဘာ ၂၃ရက်က တရုတ်နိုင်ငံ ပေကျင်းမြို့သို့ စတင်ရောက်ရှိလာသည်။ ပေကျင်းမြို့တော်သို့ ရောက်ရှိစဉ် ဗင်နီဇွဲလားသမ္မတသည် တရုတ်သမ္မတ ဟူကျင်တောင်နှင့် အခြားထိပ်တန်းခေါင်းဆောင်များနှင့်တွေ့ဆုံကာ နှစ်နိုင်ငံရေးရာကိစ္စရပ်များကို ဆွေးနွေးကြမည် ဖြစ်သည်။

### ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ နယ်စပ်ကုန်သွယ်မှု တိုးမြှင့်မည်

ဖနောင်ပင် စက်တင်ဘာ ၂၃

ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နှစ်နိုင်ငံ ကုန်သွယ်ကဏ္ဍ၌ ၂၀၁၀ပြည့်နှစ်အရောက်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ဘီလီယံ တိုးမြှင့်ကုန်သွယ်မှု ပြုမည်ဖြစ်ပြီး ကမ္ဘာ့ဈေးကွက်အတွင်း တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ၄င်းနှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် ယခုနှစ်ပထမရှစ်လအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ဘီလီယံ အထိရှိခဲ့ကြောင်း၊ အဆိုပါနိုင်ငံများ၌ နယ်ခြားဂိတ်ပေါင်း ၄၃ခုထားရှိရာမှ နယ်ခြားဂိတ် ၂၃ခုမှာ ကူးသန်းရောင်းဝယ်မှု ဈေးကွက်ဖွင့်လှစ်ထားရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားသတင်းမီဒီယာက ဖော်ပြသည်။

### တူရကီအရှေ့ပိုင်း၌ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်

အန်ကာရာ စက်တင်ဘာ ၂၃

တူရကီနိုင်ငံအရှေ့ပိုင်း အင်ဒါပြည်နယ်ရှိ နယ်ခြားဖြတ်ကျော်ဒေသအတွင်း အကြမ်းဖက်သမားများ၏ မြေမြှုပ်မိုင်းဗုံးကြောင့် တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ ၄င်းပြည်နယ်ရှိ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို ပစ်မှတ်ထားလျက် ဖောက်ခွဲလုပ်ကြံခဲ့ခြင်းဖြစ်ကြောင်း အနာတိုလီရာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

### ပီရူးတောင်ပိုင်း၌ ဘတ်စ်ကား ရေနုတ်မြောင်းအတွင်းထိုးကျ

လီမာ စက်တင်ဘာ ၂၃

ပီရူးနိုင်ငံတောင်ပိုင်း အာကွီပါပြည်နယ် ဂျလ်ဟူမြို့ရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် စက်တင်ဘာ ၂၃ရက် စောစောပိုင်းက ဘတ်စ်ကားတစ်စီး အရှိန်လွန်ကာ ရေနုတ်မြောင်းအတွင်း ထိုးကျမှုဖြစ်ပွားခဲ့ရာ ၁၃ဦးသေဆုံးပြီး ၁၈ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း၊ အခင်းဖြစ်ပွားရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ အလျင်အမြန် ရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**ကိုးကား-အင်တာနက်နှင့် ဆင်ဟွာသတင်းများ**

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၂၃

**ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ၂၀၀၈-၂၀၀၉ပညာသင်နှစ် ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၇နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ တက်ရောက်အားပေးကြသည်။**

## ယှဉ်ပြိုင်ကစား

ပြိုင်ပွဲတွင် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ဖွင့်ပွဲအပြီးတွင် အမှတ်(၃) အခြေခံပညာဦးစီးဌာန အသက်၁၆နှစ်အောက် ညွှန့်ပေါင်း အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းနှင့် တောင်ပိုင်းခရိုင်အတွင်းရှိ အသက်၁၆နှစ်အောက် အမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

## ပါဝင်ယှဉ်ပြိုင်မည်

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် အသက်၁၃နှစ်အောက် အမျိုးသားလက်ရွေးစင် အသင်းလေးသင်း၊ အမျိုးသမီးလက်ရွေးစင် အသင်းလေးသင်း၊ အသက်၁၆နှစ်အောက် အမျိုးသားလက်ရွေးစင်အသင်းလေးသင်း၊ အမျိုးသမီးလက်ရွေးစင် အသင်းလေးသင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန အသက် ၁၃နှစ်အောက် ညွှန့်ပေါင်းအမျိုးသား လက်ရွေးစင်အသင်းတစ်သင်း၊ ၁၄နှစ်အောက် ညွှန့်ပေါင်းအမျိုးသမီး လက်ရွေးစင်အသင်းတစ်သင်း စုစုပေါင်းပြိုင်ပွဲဝင် အသင်း၁၈သင်းတို့ ပါဝင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အသင်းဝင်များ တက်ကြွစွာပါဝင်

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းသည် စက်တင်ဘာ ၁၉ရက်က မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မကွေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာ ၇၅အုပ်စုမှ အမှုဆောင်များအားတွေ့ဆုံ၍ အသင်း၏လုပ်ငန်းဆိုင်ရာများကို ဆွေးနွေး မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းသည် စက်တင်ဘာ၂၀ရက် နံနက်ပိုင်းတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ မကွေးခရိုင်ရေနံချောင်းမြို့နယ် ကံကြီးကျေးရွာ၌ ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ပြုပြင်ဆောက်လုပ်ပေးသော ကျေးရွာခြောက်ရွာ သုံးစွဲသည့်သောက်ရေကန်နှင့် ရေပိုလှောင်ကန်ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

## ဆွေးနွေးမှာကြား

ထို့နောက် တွဲဖက် အထွေထွေအတွင်းရေးမှူးသည် ရေနံချောင်းမြို့၌ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခန်းမ၌ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာ၄၃အုပ်စုတို့မှ အမှုဆောင်များအား တွေ့ဆုံဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ချောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခန်းမ၌ ချောက်မြို့နယ်ရှိ ရပ်ကွက်၊ကျေးရွာ ၆၆အုပ်စုတို့မှ အမှုဆောင်များအား တွေ့ဆုံဆွေးနွေး မှာကြားသည်။

## ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် တွဲဖက်အထွေထွေအတွင်းရေးမှူးသည် ဆိပ်ဖြူမြို့နယ်သို့ သွားရောက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ဆိပ်ဖြူမြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာ ၄၆အုပ်စုတို့မှ အမှုဆောင်များအားတွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသင်းဝင်များက တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ခရမ်းနှင့် တွံတေးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
# ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၃

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် စက်တင်ဘာ ၂၀ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်း၌ ခရမ်းမြို့နယ်အသင်း(ရန်ကုန်) အသင်းဝင်များ၊ ခရမ်းမြို့နယ် ရပ်ကွက်၊ကျေးရွာများမှ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများအား တွေ့ဆုံ၍ မိုးစပါးအထွက်တိုးရေးအတွက် ကူညီပံ့ပိုးသွားမည့် အစီအမံများ၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးမှာကြားပြီး**(အပေါ်ပုံ) **တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ဗဟိုအလုပ်အမှုဆောင်က ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**

ထို့နောက် ဝန်ကြီးသည် စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တွံတေးမြို့နယ် ကပင်ကြီးကျေးရွာအနီးရှိ ဧရာဝတီမြစ်အတွင်း လှောင်အိမ်စနစ်ဖြင့် မွေးမြူထားရှိသည့် ငါးတန်အသားတိုး မွေးမြူရေးစခန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် တွံတေးမြို့နယ် ကရင်ချောင်းစိပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ခန်းမဆောင်၌ ရေလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာတာဝန်ရှိသူများအား တွေ့ဆုံပြီး ကရင်ချောင်းစိပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေနှင့် ကရင်ချောင်း တိုက်နယ်ဆေးရုံ ဆောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် တွံတေးမြို့ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ငါးလုပ်ငန်းရှင်များအသင်း ချမ်းမြေ့ရတနာခန်းမဆောင်၌ တွံတေးမြို့ ရေလုပ်ငန်းရှင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ဆက်လက်၍ တွံတေးမြို့ ပညာဒါနဆောက်လုပ်ရေးအတွက် တွံတေးမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်ရေလုပ်ငန်းရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးက လက်ခံပြီးနိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြို့နယ် ပြန်/ဆက်ဦးစီးဌာနက ကြီးမှူး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ
## အလက(၃)ဒေါပုံ၌ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကို စက်တင်ဘာ ၁၉ရက်က အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွှန့်က ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောသည်။

## လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွှန့်က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းလှိုင်က လက်ခံယူကြောင်းသိရသည်။**(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)**

# ကလေးခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ကလေး စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်း ကလေးခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ် ၃၁ ရက် နံနက် ၇နာရီက ကလေးမြို့ အောင်ဆန်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး တင်ထွဋ်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(ယာပုံ)**ခရိုင်ဥက္ကဋ္ဌ ဦးတင်ကြည်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင် ၅၂ဦးက ပြိုင်ပွဲ ၂၈မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ည ၈နာရီတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရင်သပ်ရှုမောဖွယ်ရာ မြင်ကွင်းအလှများခင်းကျင်းထားသည့် “စတိုင် - ၂” ပန်းချီပြပွဲ

အနုပညာမြင်ကွင်း - မိုးမြင့်လင်းလက် | ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) | စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် စက်တင်ဘာ ၂၃

“ရေဆေးနဲ့အရောင်ကို အထပ်ထပ်ဆင့်ပွားရေးနည်းမဟုတ်ဘဲ ကိုယ်လိုချင်တဲ့ အရောင်အသွေးတွေကို တစ်ခါတည်းရောစပ်ပြီး တိုက်ရိုက်ရေးဆွဲတဲ့နည်းနဲ့ ခြယ်မှုန်းထားတဲ့ ရေဆေးလက်ရာတွေကို ပရိသတ်တွေမြင်တွေ့ခံစားစေချင်လို့ ဒီပန်းချီပြပွဲကို ကျင်းပဖြစ်တာပါ”လို့ စတိုင်-၂ ပန်းချီပြပွဲမှာ ပါဝင်ပြသတဲ့ ပန်းချီလှတင်ထွန်းက မြန်မာ့အလင်းသို့ ပြောပြပါတယ်။

## ၆၂ကား

“**စတိုင်-၂**” ပန်းချီပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း မြန်မာ့ရိုးရာ ပန်းပညာရှင်များ အစည်းအရုံး(ဗဟို)ရဲ့ အနုပညာခန်းမမှာ စက်တင်ဘာ ၂၃ရက်မှ ၂၈ ရက်အထိ ခင်းကျင်းပြသနေပါတယ်။ ဒီပန်းချီပြပွဲမှာ ပန်းချီလှတင်ထွန်းနဲ့ ကြည်ဝင်း(တူဒေး)တို့နှစ်ဦးရဲ့ ပန်းချီကားပေါင်း ၆၂ကားကို ခံ့ခံ့ထည်ထည် ခင်းကျင်းပြသထားပါတယ်။

ည ၉နာရီအချိန် နေမဝင်သေးတဲ့ တိမ်တောက်နေပုံ အလှမြင်ကွင်းဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံ ပါရီမြို့ရဲ့ နွေရာသီဖြစ်တဲ့ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလတွေမှာ နေဟာ ည ၁၀ နာရီခွဲမှဝင်တာမို့ ည ၉နာရီ အချိန်လောက်က မြင်ကွင်းကို ဆရာလှတင်ထွန်း ပါရီမြို့ရောက်ချိန်မှာ ရေးဆွဲခဲ့တဲ့ပုံဖြစ်ပါတယ်။ ပါရီမြို့ကို စတင်ထူထောင်တည်ဆောက်ခဲ့တဲ့ ပါရီမြို့အလယ်ကျွန်းနဲ့ ပါရီမြို့ရဲ့ ရာသီဥတုအနေအထားကို ဖော်ပြထားတဲ့ ပန်းချီကား ဖြစ်ပါတယ်။

“နိုင်ငံအနှံ့အပြားမှာ ကိုယ်တိုင်မြင်တွေ့ခဲ့ရတဲ့ သဘာဝအလှတွေကို ပန်းချီပညာနဲ့ ခြယ်မှုန်းပြသထားတာပါ”

ကြည်ဝင်း (တူဒေး)

“တိုက်ရိုက်ရေးဆွဲတဲ့ နည်းနဲ့ ခြယ်မှုန်းထားတဲ့ ရေဆေးပန်းချီတွေကို မြင်တွေ့ ခံစားစေချင်လို့ပါ”

ပန်းချီ လှတင်ထွန်း

## ရေဆေး

“ကျွန်တော်က ရေဆေးကို မြတ်နိုးတယ်။ ရေဆေးပဲ တစိုက်မတ်မတ် ရေးဆွဲခဲ့တာဖြစ်ပြီး အခုလို ရေဆေး တိုက်ရိုက်ရေးဆွဲတဲ့နည်းကို သုံးတဲ့အတွက် ပန်းချီကားမှာ ရေဆေးရဲ့ အကြည်ဓာတ်သတ္တိကို ရရှိစေပါတယ်။ အဲဒီအချက်ကိုလည်း ပန်းချီမြတ်နိုးသူတွေမြင်စေချင်တာပါ”လို့ မြန်မာနိုင်ငံရိုးရာ ပန်းချီပညာရှင်များ အစည်းအရုံး (ဗဟို) ဒုတိယဥက္ကဋ္ဌ(၁)လည်း ဖြစ်တဲ့ ပန်းချီလှတင်ထွန်းက ရှင်းပြပါတယ်။

## ၃၃ကား

ဒီပန်းချီပြပွဲမှာ အတူပါဝင်ပြသတဲ့ ကြည်ဝင်း(တူဒေး) က “ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ကိစ္စတွေနဲ့ နိုင်ငံအနှံ့ ခရီးထွက်ရင်း ကိုယ်တိုင်မြင်တွေ့ခဲ့ရတဲ့မြင်ကွင်းကို ပန်းချီပညာနဲ့ ပေါင်းစပ်ဖော်ပြထားတဲ့ ပန်းချီကားတွေကို ခင်းကျင်းပြသမှာပါ”လို့ မြန်မာ့အလင်းသို့ ပြောပြပါတယ်။ ဒီပန်းချီပြပွဲမှာ ကြည်ဝင်း(တူဒေး)က ရေ၊ ဆီ၊ အခရိုင်းလစ်နဲ့ ရေးဆွဲထားတဲ့ ပန်းချီကားပေါင်း ၃၃ကားကို ပါဝင်ပြသထားပါတယ်။

## အပိုအလိုမရှိ

ပန်းချီဆရာ ကြည်ဝင်း(တူဒေး)ရဲ့ **‘ပေါင်းလောင်းချောင်း’** လို့အမည်ပေးထားတဲ့ ပန်းချီကားကတော့ နေပြည်တော်ပျဉ်းမနား အနီးမှာရှိတဲ့ ပေါင်းလောင်းချောင်းရဲ့ တစ်စိတ်တစ်ဒေသ မြင်ကွင်းအလှဖြစ်ပါတယ်။ သဘာဝအလျောက်ပေါက်နေတဲ့ ငှက်ပျောပင်တွေအပေါ် အလင်းထိနေမှု၊ တောလမ်းနဲ့ ပေါင်းလောင်းချောင်း ရေပြင်တွေကို အပူရောင်၊ အအေးရောင်မျှပြီး ပေါင်းစပ်ဖော်ပြထားတာမို့ သဘာဝအလှတရား မြင်ကွင်းကို စိတ်အေးချမ်းသာစွာ မြင်တွေ့ခံစားရပါတယ်။ အရောင်၊ အလင်း၊ စုဖွဲ့မှုနဲ့ တည်းဖြတ်မှုတွေဟာ အပိုအလိုမရှိအောင် သပ်ရပ်လှတဲ့ ပန်းချီကားတစ်ချပ်ပါပဲ။

## ပေါင်းစပ်ဖန်တီး

ဒါ့အပြင် **‘ကျိုက်ထီးရိုး’** လို့ အမည်ပေးထားတဲ့ အခရိုင်းလစ်နဲ့ ရေးထားတဲ့ ပန်းချီကားကလည်း ကြည်ဝင်း(တူဒေး)ရဲ့ လက်ရာပါပဲ။ မွန်ပြည်နယ်မှာရှိတဲ့ ကျိုက်ထီးရိုးစေတီတော်ရဲ့ အောက်ခြေ အနိမ့်မှဖူးတွေ့ရတဲ့မြင်ကွင်းကို ကြည့်သူတွေ ဖူးမြော်လိုစိတ် တဖွားဖွားဖြစ်ပေါ်လာအောင် ရေးဆွဲထားနိုင်တဲ့ ပန်းချီကားဖြစ်ပါတယ်။ ဆီမီးတွေထွန်းညှိပူဇော်ထားတဲ့ ကျိုက်ထီးရိုးစေတီတော်ရဲ့ လုံးပတ်တော်ဟာ မီးရောင်ကြောင့် ရွှေရောင်တွေ အိနေတဲ့မြင်ကွင်းကို အခရိုင်းလစ်ဆေးအားကိုးနဲ့ ရွှေရောင်၊ ဆီမီးရောင်တွေ ပေါင်းစပ်ဖန်တီးထားတာမို့ နောက်ခံကောင်းကင်အမှောင်ထုမှာ ကျိုက်ထီးရိုးစေတီတော်ရဲ့မြင်ကွင်းဟာ ကြည်ညိုဖွယ်အတိ ဖြစ်နေပါတယ်။ တကယ့်ကို သွားရောက်ဖူးမြော်လိုတဲ့ ဆန္ဒဖြစ်ရတဲ့ ပန်းချီကားပါပဲ။

## ဟန်ချက်မှု

**‘ချောင်းသာရွာလေး’** လို့ အမည်ပေးထားတဲ့ ပန်းချီကားကလည်း ကြည်ဝင်း(တူဒေး)ရဲ့ လက်ရာဖြစ်ပါတယ်။ ပုသိမ်မြို့အနီးမှာရှိတဲ့ ရေပေါ်မှာ ရွာတည်ထားတဲ့ ချောင်းသာရွာလေးရဲ့ မြင်ကွင်းအလှဖြစ်ပါတယ်။ နေအိမ်နဲ့ရေပြင်အပေါ် အလင်းရိုက်ခတ်နေပုံ၊ ရေလုပ်သားတွေရဲ့ လှေနဲ့ သစ်ပင် တောအုပ်စိမ်းစိမ်းတွေ၊ အနီးအဝေး မြင်ကွင်းနဲ့ မျှတတဲ့ရှုထောင့်က ရေးဆွဲပြသထားတာမို့ ပုသိမ်က အင်းလေးလို့ ပြောလို့ရတဲ့အထိ သဘာဝမြင်ကွင်းအလှက သာယာလှပနေပါတယ်။ အအေးရောင်တွေကို အဓိကထားပြီး အစိမ်းရောင်၊ အဖြူ၊ အပြာနဲ့ အနက်ရောင်တွေကို ဟန်ချက်မျှအောင် စုတ်ချက်အနုစိတ် ခြယ်မှုန်းထားတာဟာ အဲဒီရွာလေးကို ကိုယ်တိုင်မြင်တွေ့နေရသလိုပါပဲ။

ဒါကြောင့်မို့ **“စတိုင်-၂”**ပန်းချီပြပွဲဟာ အဆင့်အတန်းမြင့်တဲ့ ပန်းချီပညာရှင်တွေရဲ့ ပန်းချီကားတွေမို့ ရင်သပ်ရှုမောစရာတွေအဖြစ် မြင်တွေ့ရမှာဖြစ်ပါကြောင်း ပန်းချီအနုပညာကို မြတ်နိုးသူတွေအတွက် သတင်းကောင်းပါးလိုက်ရပါတယ်။ ။

**(မြန်မာ့အလင်း)**

**‘ပါရီ ဗူလိုင် ည၉နာရီ’ အမည်ရှိ ပန်းချီကားကလည်း ထူးခြားဆန်းသစ်သော ရေးခြယ် တင်ပြမှုများနှင့် အတူ ....**

## ရိုက်ခတ်စေချင်

**‘ကြာသပတေးထောင့်’** လို့ အမည်ပေးထားတဲ့ ပန်းချီလှတင်ထွန်းရဲ့ ရေဆေးပန်းချီကားကို လေ့လာကြည့်တဲ့အခါ ရွှေတိဂုံရင်ပြင်ရဲ့ ကြာသပတေးထောင့်မှာ ရှင်လောင်းလှည့်နေတဲ့ မြင်ကွင်းကို အနိမ့်ရှုထောင့်ကနေပြီး ဖော်ကျူးထားတဲ့ပုံဖြစ်ပါတယ်။ ရေဆေးကို တိုက်ရိုက်ရေးဆွဲနည်းနဲ့ တစ်ခြမ်းမှောင်၊ တစ်ခြမ်းလင်း မြင်ကွင်းဖြစ်အောင် အလင်းနဲ့အရောင်တွေကို ရေဆေးနဲ့ အလိုက်သင့်မျှောချထားတာဟာ ကြည့်သူရင်ကို ကြည်နူးစရာ မြင်ကွင်းအဖြစ် ရိုက်ခတ်စေပါတယ်။

## ပါရီမြို့

ဒါ့အပြင် ပန်းချီလှတင်ထွန်းရဲ့ **‘ပါရီ ဇူလိုင် ည ၉နာရီ’** လို့ အမည်ပေးထားတဲ့ ပန်းချီကားက ပြင်သစ်နိုင်ငံ ပါရီမြို့ရဲ့

**‘ချောင်းသာရွာလေး’ အမည်ရှိ ပန်းချီကားကလည်း တကယ့်မြင်ကွင်းကို ကြည့်ရှုနေရသည့်အလား ....**

---

**မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း**

## သီရိလင်္ကာကိုလံဘိုမြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွား လေးဦးသေဆုံး၊ နေအိမ်အချို့ပျက်စီး

ကိုလံဘို စက်တင်ဘာ ၂၃

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မြောက်ပိုင်း မိုင်၁၅၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ စက်တင်ဘာ၂၃ရက်က မြေပြိုမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သီရိလင်္ကာရဲတပ်ဖွဲ့က ပြောကြားသည်။

### မြေပြို

မြေပြိုမှုဖြစ်ပွားသည့် နေရာမှာ မာရက်ခ် ကျေးရွာ၌ဖြစ်ပြီး လွန်ခဲ့သည့် နှစ်ရက်ခန့်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ယခုကဲ့သို့ မြေပြိုမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။**(အောက်ပုံ)**

## ပီရူးအနောက်တောင်ပိုင်း၌ ရေလွှမ်း နေအိမ်များရေနစ်မြုပ် ဒေသခံ ၇၀၀ကျော် ဘေးကင်းရာ ရွှေ့ပြောင်းပေးရ

လီမာ စက်တင်ဘာ ၂၃

ပီရူးနိုင်ငံ အနောက်တောင်ပိုင်းဒေသများတွင် စက်တင်ဘာ ၂၃ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ပြီး မော်တော်ယာဉ်သွားလာရေး ပြတ်တောက်သွားကြောင်း ပီရူးနိုင်ငံ အရာရှိများက ပြောကြားသည်။

### ရေနစ်မြုပ်

ရေလွှမ်းမှုဖြစ်ပွားသည့် နေရာများမှာ လီမာမြို့အနီး ဝန်းကျင်ဒေသများဖြစ်ပြီး နေအိမ် ၁၅၀ကျော် ရေနစ်မြုပ်လျက်ရှိကြောင်း(အောက်ပုံ) ဒေသခံ ၇၀၀ခန့်တို့အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

## ဖိလစ်ပိုင်၌ ရွှေတွင်းတစ်တွင်းပြိုကျ အလုပ်သမား ၁၃ဦး ပိတ်မိနေ

မနီလာ စက်တင်ဘာ ၂၃

ဖိလစ်ပိုင်နိုင်ငံ ဘင်ဂွတ်ပြည်နယ် အီတိုဂွန်မြို့အနီး ရွှေတွင်းတစ်တွင်း၌ စက်တင်ဘာ ၂၃ရက်က ရွှေတွင်းပြိုကျမှုဖြစ်ပွားရာ အလုပ်သမား ၁၃ဦး ရွှေတွင်းအတွင်း၌ ပိတ်မိနေကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။

### မြေပြိုမှုဖြစ်ပွား

အဆိုပါရွှေတွင်းမှ မြေကြီးများကို အမြန်ဖယ်ရှားလျက်ရှိကြောင်း၊ ရုတ်တရက် မြေပြိုမှုဖြစ်ပွားသဖြင့် အလုပ်သမားများ ပိတ်မိနေကြောင်း သိရသည်။

ထို့အတူ ဖိလစ်ပိုင်နိုင်ငံ လိုရာကန်နှင့် အင်တာမော့စ်ကျေးရွာအနီး တောင်စောင်းမှ မြေစိုင်ခဲကြီးတစ်ခု ပြိုကျခဲ့မှုကြောင့် အင်တာမော့စ်ကျေးရွာတွင် နေအိမ် ၅၀ခန့် ပျက်စီးခဲ့ရသည်။

# နေအိမ်နှင့်အဆောက်အအုံများ တည်ဆောက်ရာတွင်အကျိုးရှိစေမည့် သဘာဝဘေးဒဏ်ခံ အဆောက်အအုံများဆောက်လုပ်ရေး အလုပ်ရုံဆွေးနွေးပွဲ

အမေး/အရေး - မောင်မောင်မြင့်ဆွေ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၃

**ကမ္ဘာ့ရာသီဥတုက ပြောင်းလဲမှု မြန်ဆန်လာသည်။ မုန်တိုင်းတိုက်ခတ်မှု၊ ငလျင်လှုပ်မှု၊ မီးတောင်ပေါက်ကွဲမှု၊ ရေလွှမ်းမှု စသည့် သဘာဝဘေးအန္တရာယ်သတင်းများကို မပြတ်တမ်း ကြားသိလာရသည်။ ထိုသို့ သဘာဝဘေးဒဏ်များကို ခံနိုင်ရည်ရှိသော အဆောက်အအုံများဆောက်လုပ်ရန် အရေးကြီးလာရာ နိုင်ငံတိုင်း၌ အလေးထား ဆောင်ရွက်လာရပြီဖြစ်သည်။**

## ဆွေးနွေးပွဲ

မြန်မာနိုင်ငံ၌လည်း သဘာဝဘေး အန္တရာယ်ဒဏ်ခံ အဆောက်အအုံများ တည်ဆောက်ရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့ တက္ကသိုလ်များ လှိုင်နယ်မြေရှိ မြန်မာ နိုင်ငံ အင်ဂျင်နီယာအသင်း အဆောက် အအုံ၌ စက်တင်ဘာ၂၃ရက် နံနက်၉နာရီ တွင် ဆက်လက်ကျင်းပရာ ဆွေးနွေးပွဲ သို့ တက်ရောက် ဆွေးနွေးကြသည့် တာဝန်ရှိသူအချို့နှင့် သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

## နည်းပညာပိုင်း

''နေအိမ် အဆောက်အအုံတွေ ဆောက်လုပ်တဲ့အခါ ကြံ့ခိုင်မှု အရည် အသွေး တိုးတက်အောင် နည်းပညာပိုင်း ဆိုင်ရာတွေကို ဆွေးနွေးခဲ့ပါတယ်။ နည်းပညာပိုင်းဆိုတဲ့ နေရာမှာလည်း မုန်တိုင်းဒဏ်ခံရတဲ့ ဒေသတွေက လူနေ အိမ်တွေကို တည်ဆောက်တဲ့အခါ တကယ်တမ်း လက်တွေ့ ဆောက်လုပ် နေတဲ့သူတွေရဲ့ အတွေ့အကြုံတွေကို အခြေခံပြီး ဆွေးနွေးတာပါ။ ဒေသခံတွေ အနေနဲ့ အင်ဂျင်နီယာအခြေခံသီအိုရီ အတိုင်း တွက်ချက်ပြီး တည်ဆောက်ထား သည်ဖြစ်စေ၊ မထားသည်ဖြစ်စေ ကိုယ့် အိမ်ကို ကျားကန်ထားတာတို့၊ သေသေ ချာချာ တစ်ခုနဲ့တစ်ခု ချိတ်ဆက်ထားတာ

''ကျွမ်းကျင်သူတွေ ဆွေးနွေးပွဲမှ အသိပညာအများကြီး ရရှိစေပါတယ်''
ဦးကိုကိုကြီး
ဘဏ္ဍာရေးမှူး
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း။

တွေ ပြုလုပ်ထားရင် ကိုယ့်နေအိမ်ရဲ့ ကြံ့ခိုင်မှုတိုးတက်လာမှာပေ့ါ''ဟု မြန်မာ နိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်း မြင့်က ပြောပြသည်။

## ကြံ့ခိုင်သည့်နေအိမ်

သဘာဝဘေးဒဏ်ခံနိုင်ရန်မှာ နေထိုင် သည့် မိသားစုများနှင့် ဆောက်လုပ်ပေး သည့် လက်သမား၊ ပန်းရန်သမားတို့က အစ သိထားမှသာ ကြံ့ခိုင်သည့်နေအိမ်များ ဖြစ်လာမည်ဖြစ်သည်။

''ဒီလို ဆွေးနွေးပွဲမျိုးတွေ အရင် သီတင်းတစ်ပတ်ကျော်လောက်ကလည်း ဒီမှာပြုလုပ်ခဲ့သေးတယ်။ မြန်မာအင်ဂျင် နီယာတွေအပါအဝင် အလွှာစုံကလူတွေ ၁၀၀ လောက် တက်ရောက်ဆွေးနွေးကြ တယ်။ မြေငလျင်ဒဏ်၊ မုန်တိုင်းဒဏ် တွေ ဒီထက်ခံနိုင်တဲ့ အဆောက်အအုံ တွေ ဘယ်လို တည်ဆောက်ကြမလဲဆိုတဲ့ အကြောင်းအရာဖြစ်ပါတယ်။ အခုဆွေးနွေး ပွဲကတော့ Kyoto University၊ SEEDS Asia (Japan)၊ SEEDS India တို့နဲ့ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းက ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲ လုပ်ဖြစ်သွားတာပါ။ သူတို့တွေအနေနဲ့ သဘာဝ ဘေးအန္တရာယ်ကျရောက်တဲ့ ဒေသတွေမှာဘယ်လိုတွေ တည်ဆောက်ခဲ့ ကြတယ်။ တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ အားသာချက်၊ အားနည်းချက်တွေ သိရတယ်။ ကျွန်တော်တို့အနေနဲ့ နောက်ပိုင်းမှာ မြို့နယ်၊ ကျေးရွာတွေအထိ ဆင်းပြီး အဆောက် အအုံနဲ့ နေအိမ်တွေ ကြံ့ခိုင်မှုကောင်းအောင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ ဆွေးနွေး ပေးဖို့လည်း စီစဉ်ထားတယ်''ဟု မြန်မာ နိုင်ငံအင်ဂျင်နီယာ အသင်းဥက္ကဋ္ဌ ဦးသန်းမြင့် က မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

## သဘာဝဘေး

တစ်ဖန် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ သော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာ ချုပ်(အဆောက်အအုံ) ဦးညွန့်မောင်စန်း ကလည်း ''ဒီဆွေးနွေးပွဲမှာ ကျွန်တော့်

''ပိုမိုလုံခြုံစိတ်ချရတဲ့စာသင်ကျောင်း တွေဆောက်လုပ်ဖို့ စီစဉ်နေပါတယ်''
ဦးစိန်မြင့်
ဒုတိယညွှန်ကြားရေးမှူး
ပညာရေးနှင့်လေ့ကျင့်ရေး
စီမံကိန်းဦးစီးဌာန။

အနေနဲ့ အလုပ်သမားစွမ်းရည်မြှင့်တင်တဲ့ ပရိုဂရမ်ကို ဆွေးနွေးခဲ့ပါတယ်၊ ဆောက် လုပ်ရေးအတတ်ပညာဆိုတာ အင်ဂျင်နီယာ တွေချည်း တတ်နေလို့မရပါဘူး။ လက် သမားတွေ၊ ပန်းရန်တွေအထိတတ်အောင်၊ နားလည်အောင် ကြိုးစားပေးထားရမှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ဆောက်လုပ် ရေးမှာတော့ သင်တန်းရှိပါတယ်၊ တချို့ ပုဂ္ဂလိကသင်တန်းအချို့လည်း ရှိပါတယ်။ ဒီလိုသင်တန်းတွေ တက်ထားတော့ နေအိမ် တစ်လုံး တည်ဆောက်ရင် ဘယ်လိုကြံ့ခိုင်မှု ကောင်းအောင် တည်ဆောက်မယ်ဆိုတာ သိသွားမယ်၊ အဲဒီအသိနဲ့ တည်ဆောက် တဲ့အခါ တကယ်တမ်း သဘာဝဘေး အန္တရာယ်နဲ့ကြုံတွေ့ရင် ပျက်စီးမှုနည်းမှာ ဖြစ်ပါတယ်''ဟု ရှင်းပြသည်။

ယခု ဆွေးနွေးပွဲ ပြုလုပ်မှုအပေါ် အကျိုးတရားရရှိမှုနှင့် ပတ်သက်ပြီး ''အခု ဆွေးနွေးပွဲမှာ ဂျပန်၊ အိန္ဒိယတို့က SEEDS အဖွဲ့တွေရဲ့ အတွေ့အကြုံတွေသိရတယ်။ အိန္ဒိယမှာ ငလျင်ဒဏ်ခံရတဲ့ဒေသတွေမှာ တည်ဆောက်ခဲ့တဲ့ အတွေ့အကြုံအရ သူတို့ တွေမှာ ဆောက်လုပ်မှု အမှားတွေရှိခဲ့တာ သိရတယ်။ ဒါကြောင့် အခုနောက်ပိုင်းမှာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအနေနဲ့ ဆောက်လုပ်ရေး အလုပ်သမားတွေကို လေ့ကျင့်မှုတွေပေးသွားဖို့ အစီအစဉ်ရှိတယ် ဆိုတာသိရပါတယ်'' ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

## ခိုင်ခံ့စွာ

သဘာဝဘေးအန္တရာယ်ကို နှစ်စဉ် အမြဲတမ်း ကြုံတွေ့နေရသော နိုင်ငံများ၏ တည်ဆောက်ရေးအတွေ့အကြုံမှာ မိမိတို့ အတွက် အဖိုးတန်အသိများကို ရရှိစေ သည်။ ယခုအခါ စာသင်ကျောင်း၊ ဆေးရုံ၊ ဘုန်းကြီးကျောင်း၊ ရုံးဌာန၊ အဆောက်အအုံ များကို ပြန်လည်တည်ဆောက်ရာတွင် သာမန်တည်ဆောက်မှုမဟုတ်ဘဲ သဘာဝ ဘေးကျရောက်ချိန်၌ ခိုလှုံနိုင်ဖို့၊ အကာ အကွယ်ယူနိုင်ဖို့ Cyclone Shelter များ အဖြစ်ခိုင်ခံ့စွာ တည်ဆောက်ပေးလျက်ရှိ သည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင် နီယာအသင်း ဘဏ္ဍာရေးမှူး ဦးကိုကိုကြီး

''အလုပ်သမားစွမ်းရည် မြှင့်တင်တဲ့ ပရိုဂရမ်တွေ ဆွေးနွေးခဲ့ပါတယ်''
ဦးညွန့်မောင်စန်း
အင်ဂျင်နီယာချုပ်(အဆောက်အအုံ)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။

ကလည်း ''အခုဆွေးနွေးပွဲမှာ ဝန်ကြီး ဌာနက တာဝန်ရှိသူတွေ၊ တက္ကသိုလ် ပါမောက္ခတွေ၊ ပညာရှင်တွေ၊ ပုဂ္ဂလိက ဆောက်လုပ်ရေးကုမ္ပဏီတွေ စတဲ့ အလွှာ စုံက လူတွေပါတယ်။ အခုဆွေးနွေးတာက ကျွမ်းကျင်သူတွေဆိုတော့ ဒီဆွေးနွေးပွဲက ရရှိတဲ့ အချက်အလက်နဲ့ အသိပညာတွေကို ပိုမိုပြန့်ပွားအောင်ဆောင်ရွက်သွားမှာပါ။ ပုဂ္ဂလိက ဆောက်လုပ်ရေးကုမ္ပဏီတွေ ကလည်း သူတို့တွေ မုန်တိုင်းဒဏ်ခံရတဲ့ ဒေသတွေမှာ ပြန်လည်တည်ဆောက်ရေး လုပ်တဲ့အခါ တွေ့ရတဲ့ အတွေ့အကြုံတွေ ကို ပြောပြကြတယ်။ ဒီအချက်တွေကို မှီငြမ်းပြီး နောက်ပိုင်းမှာ ဆွေးနွေးပွဲတွေ ပြုလုပ်တဲ့အခါ ပညာရှင်၊ လက်သမား၊ ပန်းရန်သမားနဲ့ ကျေးရွာ သားတွေကအစ ကိုယ်ဆောက်တဲ့အိမ်ကို ဘယ်လိုဆောက်ရင် ခိုင်ခံ့မယ်၊ မုန်တိုင်းနဲ့ ငလျင်ဒဏ်တွေခံရမှု သက်သာအောင် ဘယ်နေရာမှာ ဘယ်လို ပစ္စည်းတွေသုံးမယ်ကအစသိပြီး နေအိမ်တွေ ဆောက်လုပ်ကြရင် သဘာဝဘေးဒဏ်ကို အထိုက်အလျောက်ခံနိုင်တဲ့ နေအိမ်တွေ ဖြစ်ပေါ်လာမယ့်အပြင် သူတို့ရဲ့ နေထိုင်မှု အဆင့်အတန်းတစ်ခုလည်း ရရှိသွားမှာ ဖြစ်ပါတယ်''ဟု ပြောပြသည်။

## ပိုမိုလုံခြုံစိတ်ချ

တစ်ဖန် ဆွေးနွေးပွဲတက်ရောက်နေ သော ပညာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးစီမံကိန်းဦးစီးဌာနမှ ဒုတိယ

''အဆောက်အအုံဆောက်လုပ်တဲ့ အခါ ကြံ့ခိုင်မှုအရည်အသွေးတိုးတက် အောင် နည်းပညာပိုင်းဆိုင်ရာတွေ ဆွေးနွေးခဲ့တာပါ''
ဦးသန်းမြင့်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း။

ညွှန်ကြားရေးမှူး ဦးစိန်မြင့်ကလည်း ''အခြေခံပညာကျောင်းတွေမှာ နှစ်ရှည် စီမံကိန်းအရ ကျောင်းတွေနှစ်စဉ်ဆောက် လုပ်ပေးနေပါတယ်၊ ဒီလိုဆောက်လုပ်ပေး နေတဲ့နေရာမှာ အခုတော့ မုန်တိုင်းဒဏ်ကို အရင်ကထက်ပိုပြီး ခံနိုင်ရည်ရှိတဲ့၊ ပိုမို လုံခြုံစိတ်ချရတဲ့ ကျောင်းတွေ (Safer School) အဖြစ် တည်ဆောက်ဖို့ ဆောင် ရွက်နေပြီဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲရလဒ် အနေနဲ့ကတော့ ကျွန်တော်တို့ မြို့နယ်၊ ကျေးရွာတွေမှာ စာသင်ကျောင်းတွေ ဆောက်လုပ်တဲ့အခါ ဘယ်လိုအချက်တွေ ပါဝင်သင့်တယ်ဆိုတာ အခု ဆွေးနွေးပွဲ က သိရပါတယ်။ SEEDS က ပုဂ္ဂိုလ် တွေက သဘာဝဘေး အတွေ့အကြုံနဲ့ ဆောက်လုပ်တဲ့အခါ လိုအပ်ချက်တွေကို ပြောပြကြတော့ သိရတယ်။ ကျွန်တော် တို့က မုန်တိုင်းအတွေ့အကြုံနည်းတာ ဆိုတော့ ကိုယ်မသိသေးတာတွေလည်း သိရပါတယ်။ အခြေခံပညာ ကျောင်းသား ကျောင်းသူတွေက ၇ဒသမ ၈သန်းလောက် ရှိတာမို့ အရင်ကထက် ပိုမိုကောင်းမွန်တဲ့ Safer School တွေ ပေါ်ထွက်လာဖို့ အခွင့်ကောင်းတွေ ရရှိစေပါတယ်'' ဟု မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

ထို့ကြောင့် သဘာဝဘေးအန္တရာယ် ဒဏ်ခံအဆောက်အအုံများ ဆောက်လုပ်နိုင် ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသည် နေအိမ်နှင့် အဆောက်အအုံများ တည် ဆောက်ရာတွင် အကျိုးတရားများစွာရရှိ စေသည့် အချက်အလက်များကို သိရှိရ သော ဆွေးနွေးပွဲဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**သဘာဝဘေးဒဏ်ခံ အဆောက်အအုံများဆောက်လုပ်ရေး အလုပ်ရုံဆွေးနွေးပွဲ၌ ကျွမ်းကျင်သူများ ဆွေးနွေးနေကြစဉ်။**
(မြန်မာ့အလင်း)

ရန်ကုန်အရှေ့ပိုင်းခရိုင် (သဃ်္န်းကျွန်း)နှင့် သဃ်္န်းကျွန်းမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းပြီး ဖွင့်လှစ်ခဲ့သည့် စာကြည့်တိုက် ပညာဆင့်ပွားသင်တန်း (၁/၂၀၀၈) ဆင်းပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမတွင် စက်တင်ဘာ၂၃ရက်ကကျင်းပရာ သင်တန်း၌ ပထမဆုရရှိသော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်စာရေး ဒေါ်ကျင် မျိုးကြည်အား မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(ခရိုင် ပြန်/ဆက်)

## မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

### လန်ဒန်မြို့အရှေ့ပိုင်း၌ လေယာဉ်ငယ်ပျက်ကျ၊ လေးဦးသေဆုံး

လန်ဒန် စက်တင်ဘာ ၂၃

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အရှေ့ပိုင်း၌ စက်တင်ဘာ ၂၃ရက် ညနေ ၃နာရီ ၂၅ မိနစ်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေးဦးသေဆုံးကြောင်း လန်ဒန် ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းလေယာဉ်သည် နယူးလန်းစ်မြို့အနီး ကွစ်ယာနာအရပ်မှ ပျံသန်းလာစဉ် အင်ဂျင်ချွတ်ယွင်းပြီးနောက် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

### ဖင်လန်စာသင်ကျောင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား ၁၀ဦးသေဆုံး၊ အများအပြားဒဏ်ရာရရှိ

ဟယ်ဆင်ကီ စက်တင်ဘာ ၂၃

ဖင်လန်နိုင်ငံ ဟယ်ဆင်ကီမြို့တော်မှ ကီလိုမီတာ ၃၀၀ခန့်အကွာရှိ ကောဟာ ဂျိုကီမြို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စာသင်ကျောင်းတစ်ကျောင်း၌ သေနတ်ပစ် ခတ်မှုဖြစ်ပွားရာ ၁၀ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဖင်လန် ရဲတပ်ဖွဲ့က ပြောကြားသည်။

သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်သူမှာ ယင်းအသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျောင်းမှ အတန်းခေါင်းဆောင်ဖြစ်သည့် အသက် ၂၂နှစ်အရွယ် မာတီဂျူဟာနီဆာရီ ဖြစ်သည်။ ၎င်းသည် စက်တင်ဘာ ၂၃ရက် ဒေသစံတော်ချိန် နံနက် ၁၁နာရီခန့်က ကျောင်းအတွင်းဝင်ရောက်လာပြီး မိနစ်၉၀ကြာအောင် လူများအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

မာတီဂျူဟာနီဆာရီသည် ထိုသို့ သေနတ်ဖြင့် လိုက်လံပစ်ခတ်ပြီးနောက် မိမိကိုယ်ကို ပြန်ပစ်ခတ်ကာ အဆုံးစီရင်သွားခဲ့ကြောင်း သိရသည်။

### လော့စ်အိန်ဂျလိစ်မြို့လယ်၌ ရထားနှင့်ကားတိုက်မိ

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၂၃

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့လယ်တွင် စက်တင်ဘာ၂၃ရက်က ရထားတစ်စင်းနှင့် ဘတ်စ်ကားတစ်စီးတို့ တိုက်မိခဲ့ရာ ၁၅ဦးဒဏ်ရာရရှိခဲ့ကြောင်း လော့စ်အိန်ဂျလိစ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားမှုမှာ အရှိန်ဖြင့်မောင်းနှင်လာသော ရထားမှာ ခရီးသည်တင် ဘတ်စ်ကားတစ်စီးကို ရထားလမ်းနှင့် ကားလမ်းအဖြတ်တွင် တိုက်မိခဲ့ခြင်း ဖြစ်သည်။ ဒဏ်ရာရရှိသူများအား ဆေးရုံသို့တင်ပို့ ဆေးကုသထားကြောင်း သိရသည်။

# နိုင်ငံနှင့်လူမျိုး နိုင်ငံတကာနှင့်ရင်ပေါင်တန်းရပ်တည်နိုင်ရေး ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို အကျိုးရှိထိရောက်စွာအသုံးပြု

## ပညာရေးကဏ္ဍတာဝန်များကို ညီမျှသောဝါယမဖြင့် မဆုတ်မနစ်ကြိုးပမ်း

### အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၂) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၃

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၃၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၉နာရီက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း တက်ရောက်၍အမှာစကားပြောကြားသည်။**

**တက်ရောက်**

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ နည်းပြများနှင့် အထက်မြန်မာပြည်အခြေခံပညာကျောင်းများမှ သင်တန်းသားသင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

**ကြိုးပမ်းဆောင်ရွက်**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးတွင် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာရပ်များ အချိန်နှင့်တစ်ပြေးညီရယူပြီး ပညာရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်မြင့်တင်နိုင်စေရန် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရန်နှင့် နိုင်ငံ၏ နယ်မြေအစိတ်အပိုင်းဒေသများအားလုံးမှာ ပညာသင်ယူနိုင်မှု အခွင့်အလမ်းနှင့် ပညာရေးအရည်အသွေးများ ညီညီညွတ်ညွတ် မျှမျှတတ တိုးပွားလာပြီး မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူတစ်ရပ်လုံး ပညာရည်မြင့်မားလာစေရန်အတွက် ရည်မှန်းချက် မြင့်မြင့်မားမားထားရှိပြီး ဘက်စုံထောင့်စုံမှ ဖြန့်ကြက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဆရာ ဆရာမများအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်ဘဝ ကောင်းကျိုးဆိုးကျိုးကို ကြိုတင်ပိုင်းဖြတ်ပေးနေတယ်ဆိုသည့် ယုတ္တိသဘောကို လေးလေးနက်နက်သိမြင်ပြီး ပညာရေးကဏ္ဍ၏ လုပ်ငန်းတာဝန်အဝဝကိုကြီးသည်ငယ်သည် သဘောမထားဘဲ ညီမျှသောဝါယမဖြင့် မဆုတ်မနစ်ကြိုးပမ်း ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

**လေ့ကျင့်ပျိုးထောင်**

ပညာရေးကဏ္ဍအနေဖြင့် ကျောင်းသူ ကျောင်းသားလူငယ်များကို စာပေပညာတတ်ကျွမ်းရုံမျှမက နိုင်ငံဖွံ့ဖြိုးရေးလိုအပ်ချက်များကို ပညာစွမ်းအားဖြင့် ဖြည့်ဆည်းမြှင့်တင်ပေးနိုင်စေမည့် ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ ဉာဏ်ရည်မြင့်မားမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စာရိတ္တခိုင်ကျည်မှု၊ အတတ်ပညာ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုစွမ်းအားကောင်းတွေနှင့်ပါ ပြည့်စုံစေရအောင် တစ်ပါတည်းလေ့ကျင့်ပျိုးထောင်ပေးကြရမှာ ဖြစ်ကြောင်း။

နိုင်ငံ၏ ခေတ်မီတိုးတက်ပြောင်းလဲလာမှု အခြေအနေအရပ်ရပ်က တောင်းဆိုလာသည့် လိုအပ်ချက်အသစ်များကို ဖြည့်ဆည်းစွမ်းဆောင် ပေးနိုင်မည့် ပညာရည်မြင့်မားမှု၊ ကျွမ်းကျင်မှု၊ အတတ်ပညာ နည်းပညာပြည့်စုံမှုစွမ်းအားများကို ပညာရေးကဏ္ဍက ကြိုတင်ဖန်တီး ဖော်ဆောင်ပေးကြရမှာ ဖြစ်ကြောင်း။

ယနေ့အခြေခံပညာကျောင်းများ၏ ၈၆ဒသမ ၄၁ရာခိုင်နှုန်းသည် ကျေးလက်ဒေသများမှာ တည်ရှိနေသကဲ့သို့ အခြေခံပညာ ကျောင်းသူ ကျောင်းသားများ၏ ၆၈ဒသမ ၂၅ရာခိုင်နှုန်းမှာလည်း ကျေးလက်က ကလေးများဖြစ်ကြောင်း။

**ခေတ်မီပညာရပ်**

ဆရာ ဆရာမများအနေဖြင့် ၎င်းကလေးအတွက် ခေတ်မီပညာရပ်တွေ၊ ခေတ်မီသင်ယူနည်းစနစ်တွေကို မြို့ကြီးများမှာရှိသည့် ကျောင်းများနှင့် တစ်ပြေးညီ ပို့ချလေ့ကျင့်သင်ကြားပေးနိုင်မည်ဆိုလျှင် ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးမှုကွာဟချက်နှင့် အသိပညာဗဟုသုတ အလှမ်းကွာမှုများမှာ မကြာမီသောကာလအတွင်းတွင် တဖြည်းဖြည်းချင်း လျော့နည်းပပျောက်သွားမှာ အမှန်ပင် ဖြစ်ကြောင်း။

ယနေ့ကျေးလက်နေ ကလေးသူငယ်များအပါအဝင် ကျောင်းသူကျောင်းသားထု တစ်ရပ်လုံးအတွက် ရရှိဖြစ်ထွန်းနေသည့် ပညာရေးသင်ကြားနိုင်မှု အခွင့်အရေးတွေ၊ ပညာကိုအခြေခံပြီး ကိုယ်စီကိုယ်စီ၏ ဘဝတိုးတက် ကြီးပွားနိုင်မည့် အခွင့်အလမ်းများ၊ ကျေးလက်ဒေသများအပါအဝင် တစ်နိုင်ငံလုံး လွှမ်းခြုံဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် အကျိုးရှိ ထိရောက်စွာ အသုံးပြုကြရန် မှာကြားလိုကြောင်း။

**ကြိုးပမ်းတည်ဆောက်ပေး**

နိုင်ငံတော်အစိုးရအနေဖြင့်လည်း မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများကို ရင်ဝယ်သားသဖွယ် သဘောထားပြီး သားစဉ်မြေးဆက် ရာသက်တိုင် အကျိုးဖြစ်ထွန်းစေရအောင်ဆိုသည့် စေတနာဖြင့် အရှည်တည်တံ့ ရှင်သန်ဖွံ့ဖြိုးစေမည့် အနာဂတ်ကို မျှော်မှန်းသော အစီအမံများကို တစိုက်မတ်မတ် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေး အခြေခံကောင်းများကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်နိုင်စေမည့် အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားကို ပညာရေးကဏ္ဍကတစ်ဆင့် ကြိုးပမ်းတည်ဆောက်ပေးကြပါ၊**
- **ရရှိဖြစ်ထွန်းနေသည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အရှည်ခိုင်ခံ့တိုးပွားပြီး သားစဉ်မြေးဆက် အကျိုးခံစားရစေရေးအတွက် ထိန်းသိမ်းဆက်ခံ မြှင့်တင်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု**

တိုက်တွန်းပြောကြားသွားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ဝန်ကြီးဦးသောင်းနှင့်အဖွဲ့ဝင်များသည် သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့(အထက်မြန်မာပြည်)ရှိ အခြေခံပညာကျောင်းများမှ သင်တန်းသားဆရာ ၂၂၁ဦးနှင့် သင်တန်းသူ ဆရာမ ၁၀၈၄ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၃၀၅ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## မန္တလေး(GTI) ရွှေရတုနှစ်ပတ်လည် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၃**

မန္တလေး (GTI)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲကိုလာမည့် နိုဝင်ဘာ၃၀ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မန္တလေးမြို့ ၆၈လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြားရှိ ကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို လှူဒါန်းလိုပါက ဦးစိုးဝင်းသန့် ဖုန်း-၀၆၇-၄၁၄၁၄၁၊ ဦးမြင့်လွင် ဖုန်း-၀၉-၅၀၀၅၂၅၂၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၁-၁၂၉၈၇၊ ဒေါ်တင်မမ ဖုန်း-၀၉-၅၁-၅၆၁၈၂၊ ဦးတိုးဝင်း ဖုန်း-၀၂-၆၂၃၇၈၊ ဦးမောင်မောင် ဖုန်း-၀၂-၃၁၈၃၆၊ ဦးရန်လင်းဦး ဖုန်း-၀၉-၅၁-၃၂၇၉၈၊ ဗိုလ်ကြီးမြင့်ဦး ဖုန်း-၀၂-၇၃၆၁၀၊ ဦးခင်မောင်တင့် (မုံရွာ) ဖုန်း-၀၉-၂၁၃၀၇၀၉၊ ဦးအေးမြင့် ဖုန်း-၀၇၁-၂၂၆၇၉၊ ဦးစန်းဝေ (ရွှေဘို) ဖုန်း-၀၉-၂၁၀၀၄၃၄၊ ဦးလှမြင့် (ပြင်ဦးလွင်) ဖုန်း-၀၉-၂၀၄၄၈၉၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြဝတီမဂ္ဂဇင်းနှစ်ပတ်လည် ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၃**

မြဝတီမဂ္ဂဇင်း၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည်ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **'သာစွနေပြည်'** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ကြမည့်ဓာတ်ပုံပညာရှင်များအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဒီဇင်ဘာ၃၁ရက် ညနေ၄နာရီ နောက်ဆုံးထား၍ မြဝတီစာပေတိုက် အမှတ်(၇၅/ခ) ပြည်လမ်း ဓော်ဘွားကြီးကုန်း အင်းစိန်မြို့နယ် ရန်ကုန်မြို့သို့လိပ်မူလျက် ပေးပို့ရမည်ဖြစ်သည်။

ဆုရရှိသည့်ဓာတ်ပုံပညာရှင်များ၏ အမည်စာရင်းကို ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် သတင်းစာ၊ ရေဒီယိုနှင့်ရုပ်မြင်သံကြားတို့မှ ဖော်ပြကြေညာသွားမည်ဖြစ်ပြီး ဆုများကိုအခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက တာဝန်ခံစာတည်း မြဝတီမဂ္ဂဇင်း ဖုန်း-၀၁-၆၄၂၂၀၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဟသ်ာတခရိုင် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**

ဧရာဝတီတိုင်း ဟသ်ာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းတွင် ဟသ်ာတမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဟသ်ာတခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး**(အပေါ်ပုံ)**တက်ရောက်၍ အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများကို ထောက်ပံ့ပေးအပ်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဟသ်ာတခရိုင်အတွင်းမှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ ငါးဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၁၀ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ၁၈ဦး၊ မြို့နယ်အလိုက် အောင်ချက် အကောင်းဆုံးရရှိသည့် ကျောင်းခြောက်ကျောင်းနှင့် တိုင်းအဆင့် ထူးချွန်ဆုရရှိသူ လေးဦးတို့ကို ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အစည်းအဝေးဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်(၁၂)ရပ် အောင်မြင်ရေး စာပေနှင့် မီဒီယာကဏ္ဍမှ ထိရောက်စွာ ပံ့ပိုးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၃

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၂၂ရက် နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန အစည်းအဝေးခန်းမ၌ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။**

## တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအထွေထွေမန်နေဂျာ ဦးရဲတင့်၊ တာဝန်ရှိသူများနှင့် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ အရာထမ်း၊အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူး ဦးတင့်ဆွေက စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြောင်းလဲကျင့်သုံးခဲ့သောဆောင်ရွက်ချက်များ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့်

## အစဉ်သတိပြု

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၏ လုပ်ငန်းများကို ၂၀၀၅ခုနှစ်မှစတင်၍ တဖြည်းဖြည်းပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ရာ သင့်တင့်သောအောင်မြင်မှုများရရှိခဲ့သည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ အားသာချက် ပိုများလာပြီး အားနည်းချက်များ မရှိသလောက်နည်းသွားအောင် သုံးသပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် လာရောက်တွေ့ဆုံမှာကြားရခြင်း ဖြစ်ကြောင်း၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေလောကသားများက အမျိုးသားအကျိုးစီးပွားဘက်မှ ပိုမို ပူးပေါင်းပါဝင်လာစေရန်အတွက် စာပေစိစစ်ရေးလုပ်ငန်း ရည်ရွယ်ချက်(၄)ရပ်နှင့် စာပေစိစစ်ရေးမူ (၂၁)ချက်တို့ဖြင့် ချမှတ် လုပ်ဆောင်လျက်ရှိကြောင်း၊ နှစ်ဖက် ယုံကြည်မှုပိုမိုရရှိလာကြောင်း၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနနှင့် စာပေလောကသားများအကြား အပြန်အလှန် နားလည်ယုံကြည်မှုမြင့်မားလာရေးအတွက်ရင်းနှီးနွေးထွေးသောဆက်ဆံရေးနှင့် လုပ်ငန်းအပေါ် အပြန်အလှန်လေးစားမှုကို ဆက်လက်တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၏ မှန်ကန်သောရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်နေရမှုများကို စာပေလောကသားများ ပိုမို သိရှိနားလည်လာသည်နှင့်အမျှ ၎င်းတို့အနေဖြင့် အမျိုးသား အကျိုးစီးပွားဘက်မှ အစဉ်ရပ်တည်လျက် ပိုမို ပူးပေါင်းဆောင်ရွက်လာမည် ဖြစ်ကြောင်း၊ ထိုအခါ နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်(၁၂)ရပ် အပြည့်အဝ အောင်မြင်ရေး၌ စာပေနှင့် မီဒီယာကဏ္ဍမှ ထိရောက်စွာ ပံ့ပိုးနိုင်မှာဖြစ်ကြောင်း၊ မီးဘေးလုံခြုံရေးနှင့် အဖျက်အမှောင့်သမားများ၏နှောင့်ယှက်ဖျက်ဆီးမှုမှကြိုတင်ကာကွယ်နိုင်ရေးအတွက် ဝန်ထမ်းအားလုံးက လုံခြုံရေးသတိ၊ လုံခြုံရေးအသိဖြင့် အစဉ်သတိပြု ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် အကျယ်တဝင့် မှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ငန်းစဉ်များနှင့်လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရရှိထားသည့် အောင်မြင်မှုများကို ကြည့်လျှင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် စာပေလောကသားများ နှစ်ဦး

## ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စုရှိ တောင်သူဦးလှတင့်၏ ရေဆင်းလုံးသွယ် မျိုးကောင်းမျိုးသန့် စပါးစိုက်ခင်းအတွင်း ဓာတ်မြေဩဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စုရှိ ရေဆင်းလုံးသွယ်စပါးစိုက်ခင်း ဓာတ်မြေဩဇာကြဲပက်နေမှု

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက် ၁၁နာရီတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်မှ ထွက်ခွာလာရာ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အထွက် မိုင်တိုင်အမှတ်(၄၁၃)သို့ ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

## ကြည့်ရှုအားပေး

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၃၂) ဦးပိုင်အမှတ်(၇၂/၂)ရှိ တောင်သူ ဦးလှတင့်၏ တစ်ဧက တင်း၁၂၀ထွက် ရေဆင်းလုံးသွယ် မျိုးကောင်းမျိုးသန့် စပါးစိုက်ခင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တောင်သူများက စိုက်ခင်းအတွင်း ဓာတ်မြေဩဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးကြသည်။

## စစ်ဆေး

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့သို့ ရောက်ရှိကြပြီး မြို့တွင်းလမ်းများကို ထပ်ပိုးလွှာတင်ခြင်းနှင့်ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်အုန်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရန်အောင်မြင်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက ကျုံးတောင် ၂၆လမ်းဘက် ကျုံးအတွင်း မော်သယ်စက်များဖြင့် ကျုံးသန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုနှင့် ချမ်းအေးသာစံမြို့နယ် လမ်း၈၀နှင့် ၈၁လမ်းအကြား အရှည်ပေ ၅၃၀၊ အကျယ် ၅၂ပေရှိ ၃၁လမ်းအား စက်ယန္တရားကြီးများဖြင့် ကတ္တရာခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ်ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ တောင်သမန်အင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

## ခရိုင်ချင်းဆက်လမ်း

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း တံတားဦးမြို့နယ် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင်စကားအင်းအဝိုင်း မိုင်တိုင်အမှတ် ၄၀၀/၁ သို့ ရောက်ရှိပြီး စည်ပင်သာယာရေးဦးစီးဌာန မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်ခဲ့သည့် အမှတ်(၁) ခရိုင်ချင်းဆက် လမ်းဆုံလမ်းပိုင်းအခြေအနေနှင့် လမ်းညွှန်ဆိုင်းဘုတ်များကိုကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အမှတ်(၁) ခရိုင်ချင်းဆက် လမ်းသည် မန္တလေးတိုင်း၌ ၈၃မိုင် ၂ဖာလုံ အရှည်ရှိပြီး တံတားဦးမြို့နယ် စကားအင်းအဝိုင်းမှ မကွေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် အိုင်းမနက်ချောင်းအထိ ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းဖြစ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌လေဆိပ် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ လုံခြုံရေးနှင့် လေဆိပ်လုပ်ငန်းဆိုင်ရာများကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

# တာမွေ အထက(၃)၌ ဟောပြောပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကို စက်တင်ဘာ ၁၉ရက်က တာမွေ အထက(၃) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာမွေ အထက(၃) ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်က မိမိဘဝကို ဘယ်လိုမြှင့်တင်မလဲ ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဟောပြောပွဲကို ဩဂုတ် ၂၆ရက်က မြောက်ဥက္ကလာပ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

# မိုးလေဝသ ခန့်မှန်းချက်

မြန်မာ့အလင်း — သန်းသန်းနု ကိုးကားတင်ပြသည်

## ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေအားအသင့်အတင့်ရှိနေ

ရန်ကုန် စက်တင်ဘာ ၂၃

**စက်တင်ဘာ ၂၂ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုအခြေအနေကို လေ့လာဆန်းစစ်ကြည့်ပါက ဗွာတီမာလာနိုင်ငံ အရှေ့တောင်ပိုင်း ကမ်းရိုးတန်းဒေသတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုခံရခြင်း၊ အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် စီတာပါခရိုင်၌ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။**

စက်တင်ဘာ ၂၃ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးရွာသွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာခဲ့သည်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

စက်တင်ဘာ ၂၃ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| | | | |
|---|---|---|---|
| **စစ်တွေ** | **၃ဒသမ၈၆လက်မ** | **သံတွဲ** | **၂ဒသမ၆၀လက်မ** |
| **ဝွမြို့** | **၂ဒသမ၁၃လက်မ** | **အမ်း** | **၁ဒသမ၇၃လက်မ** |
| **ဘားအံ** | **၁ဒသမ၃၀လက်မ** | **မကွေး** | **၁ဒသမ၂၂လက်မ** |
| **ရန်ကုန်** | **၁ဒသမ၁၄လက်မ** | | |

စက်တင်ဘာ ၂၄ရက် **(ယနေ့)**တွင် ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမိုးရွာနိုင်သည်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စက်တင်ဘာ ၂၄ရက် **(ယနေ့)** နေပြည်တော်နှင့်အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း၈၀ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း၆၀ ဖြစ်သည်။

### လှိုင်းအသင့်အတင့်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

**ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်**

# နီးနေတာကို ဝေးအောင်မလုပ်ကြပါနဲ့

ကိုသာယာ

ကိုင်း-ဘယ့်နှယ်ရှိစ။ သတင်းစာရှင်းလင်းပွဲကို တီဗွီကကြည့်၊ သတင်းစာမှာ ဖတ်ရတော့မှ ဇာတ်လမ်းစုံက ရှင်းတော့တာကိုး၊ တီဗွီမှာ အဲဒီညက ကြည့်လိုက်ရတုန်းကတော့ သဲသဲကွဲကွဲ ပြည့်ပြည့်စုံစုံ မသိလိုက်ဘူး။

နောက်တစ်နေ့မနက် သတင်းစာကျတော့မှ ပုံတွေ၊ ဇယားတွေနဲ့၊ ရှင်းလင်းပြောကြားချက်၊ မေးမြန်းဖြေကြားချက်တွေနဲ့ဆိုတော့ ပိုပြီး တိတိကျကျ ရှင်းရှင်းလင်းလင်း သိရတော့တာပါပဲ။ NLD အဖွဲ့ဝင်တွေဟာ ပြည်တွင်းဖောက်ခွဲဖျက်ဆီးမှုတွေမှာ ပါဝင်ပတ်သက်နေပါလား။ သြော်-ဒုက္ခ ဒုက္ခ၊ လုပ်စရာရှားလို့ အများပြည်သူလူထု ထိခိုက်ဒဏ်ရာရ၊ ဒုက္ခရောက်အောင် လုပ်ရတယ်လို့များ၊ ကျွန်တော်ဖြင့် ယုံတောင်မယုံချင်ဘူး။ ဒါပေမယ့် အထောက်အထားနဲ့၊ အချက်အလက်နဲ့၊ ကိန်းဂဏန်းတွေနဲ့ ခိုင်ခိုင်မာမာ ပြသွားတာဆိုတော့ မယုံလို့မရဘူးလေ၊ မှန်နေတာကိုး။

ပြည်တွင်းမှာ ဖောက်ခွဲဖျက်ဆီးရေးတွေလုပ်ဖို့၊ နယ်စပ်မှာ သင်တန်းတက်ဖို့ စီစဉ်စုဆောင်း စေလွှတ်ပေးနေသူတွေကလည်း NLD၊ သင်တန်းများတက်ပြီး ပြန်ရောက်တော့ ဖောက်ခွဲဖျက်ဆီးရေးကို တကယ်လက်တွေ့လုပ်တဲ့သူတွေကလည်း NLD အဖွဲ့ဝင်တွေပါလား။ လက်ရဖမ်းဆီး ဖော်ထုတ်နိုင်လို့သာပေါ့။ အဲဒီလိုသာမဟုတ်ရင် ဘယ်လောက်များ ပြည်သူလူထုကို ဆက်ပြီး ဒုက္ခပေးဦးမှာလဲ မသိဘူး။ ရထားလိုက်တဲ့ ထောက်ပံ့ငွေတွေ၊ လျာထားဆုချမယ့် ငွေကြေးတွေ၊ ဆက်လက်ဖောက်ခွဲ ဖျက်ဆီးအကြမ်းဖက်မယ့် အစီအစဉ်တွေကလည်း တွေးကြည့်ရုံနဲ့တောင် ကြောက်စရာကောင်းလှပါဘိ။ ယုတ်မာရက်စက်လိုက်ကြတာ လူမဆန်တဲ့ အတွေးတွေနဲ့ပါလား။ ဒါနိုင်ငံရေးလားဗျာ၊ ဖောက်ခွဲဖျက်ဆီး အကြမ်းဖက်မှုနဲ့ ဖြေရှင်းတာမှန်ကန်တဲ့ နည်းလမ်းလားဗျာ။

ဟုတ်မယ်ဗျာ၊ NLD ကလည်း သူတို့က မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ထွန်းကားဖို့နဲ့ ပြည်သူလူထုတွေ ကောင်းစားရေးအတွက် လုပ်နေတယ်လို့ ပါးစပ်က ပြောနေပေမယ့် တကယ်လုပ်တော့ တခြားစီ ဆိုတာမျိုးတွေပဲ တွေ့ခဲ့ရတယ်။ နိုင်ငံတော်အတွက်ရော၊ ပြည်သူလူထုအတွက်ရော အကျိုးရှိအောင် ဘာမှလုပ်ပေးနိုင်ခဲ့တာ မတွေ့သေးဘူး။ အပြောတခြား၊ အလုပ်တခြားတွေကိုပဲ တွေ့နေရတယ်။

နိုင်ငံတော်အစိုးရက မလွှဲမရှောင်သာ နိုင်ငံတော်တာဝန်ကိုယူပြီးတဲ့နောက် ပြည်သူတွေရဲ့ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းဖို့ စီစဉ်ဆောင်ရွက်ခဲ့တယ်။ ဒီမိုကရေစီအတွက် လိုအပ်တဲ့ အခြေခံတွေဖြစ်တဲ့ နိုင်ငံတော်လုံခြုံရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်စီးပွားရေးစနစ် စတဲ့ လိုအပ်ချက်တွေကို စနစ်တကျ အစီအစဉ်နဲ့ လုပ်ပေးခဲ့တယ်လေ။ ခုတော့ လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ ပြည့်စုံသလောက်ရှိနေပြီ။ တစ်ဖက်ကလည်း နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ပါတီစုံဒီမိုကရေစီကို သွားဖို့ဆောင်ရွက်ခဲ့တယ်။ ဒါဟာ လုပ်သင့်လုပ်ထိုက်တာကို အခြေခံကစပြီး စနစ်တကျ ခိုင်မာအောင် လုပ်ခဲ့တာ။ အစကောင်းမှ အနှောင်းသေချာ ဆိုသလိုပေါ့ဗျာ။ လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေးရမယ်။ ပွဲပြီးမီးသေ ဖြစ်ကတတ်ဆန်း လုပ်လို့ရတာမျိုးမှမဟုတ်တာ။ အချိန်တော့ ယူရတာပေါ့။ ဒါပေမယ့် ယူသင့်ယူထိုက်တဲ့ အချိန်တွေ ကြာနေရတာကလည်း နိုင်ငံတော်ဘက်က အပြစ်မဟုတ်ဘူး။ အဲဒီဆန့်ကျင်ဘက် အဖွဲ့အစည်းတွေ ကမောက်ကမ ကဖျက်ယဖျက် လုပ်ရပ်တွေကြောင့် မကြာသင့်ဘဲ ကြာခဲ့ရတာ။ ကဲဗျာ - NLD လုပ်ပုံမဟုတ်လို့ ၁၉၉၃ကစခဲ့တဲ့ အမျိုးသားညီလာခံကြီး ၁၉၉၆ ခုနှစ်မှာ ရပ်ဆိုင်းခဲ့ရတယ် မဟုတ်လား။

ဒါဟာ ချမှတ်ထားတဲ့ လမ်းစဉ်အတိုင်း၊ အရှိန်အဟုန်အတိုင်းသွားနေတဲ့ ဒီမိုကရေစီခရီးစဉ်ကို ကြန့်ကြာအောင်၊ ရပ်တန့်အောင် လုပ်နေတာပဲ။ နိုင်ငံတော်အစိုးရက သူတို့အပါအဝင်အားလုံး ပါတီအဖွဲ့အစည်းတွေနဲ့ညှိပြီးမှ သဘောတူလို့လုပ်ခဲ့တဲ့ မဖြစ်မနေပြီးအောင်လုပ်ရမယ့်ခရီး၊ တစ်ဝက်တစ်ပျက်ကျမှ အဆင်မပြေ ပျက်စီးသွားအောင် ဖျက်ဆီးခဲ့တာပဲ။ မဖြစ်သင့်မဖြစ်ထိုက်တဲ့ တောင်းဆိုချက်တွေနဲ့ ညီလာခံကိုယ်စားလှယ်အားလုံးကို ကျောခိုင်းစွန့်ခွာပြီး သူတို့သဘောနဲ့သူတို့ ညီလာခံက ထွက်သွားကြတာ ဘယ်လောက်ကြာခဲ့သလဲ တွက်ကြည့်ပါဗျာ။ ပြည်သူလူထုရော၊ နိုင်ငံပါ ဘယ်လောက်နစ်နာသလဲ။ မကြာသင့်ဘဲနဲ့ အချိန်တွေကြာတာပေါ့။ အဲဒါသူတို့ မဟုတ်လို့။ ပြည်သူ့ဆန္ဒနဲ့အညီ ကောင်းရာကောင်းကျိုးလုပ်တာကို ဖျက်တာပြောပါတယ်။ ပြည်သူလူထု လိုလားချက်ကို မျက်ကွယ်ပြုပြီး သူတို့အကျိုးကိုသာ ကြည့်လုပ်ခဲ့လို့ဆိုရင် မမှားပါဘူး။

အမျိုးသားညီလာခံကြီးကို ဆက်မလုပ်ဖြစ်အောင် ဖျက်တာမရတော့ ဖြစ်ပေါ်လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်မပြုနိုင်အောင် ကြိုးစားပြန်ရော။ ပြည်သူလူထု ထင်ယောင်ထင်မှား ဇဝေဇဝါဖြစ်အောင် ကလေးကလားတိုက်ကွက်တွေနဲ့ မဲမပေးကြနဲ့၊ မဲပေးရင်လည်း ကန့်ကွက်မဲပေးကြတဲ့။ Vote No, No-Vote တဲ့ဗျာ။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီမိုကရေစီမကျဘူး၊ သူတို့စိတ်ကြိုက်လူတွေနဲ့ ပုံဖော်ရေးဆွဲထားတာ၊ သူတို့သက်တမ်းရှည်အောင်လုပ်တာ စသည်ဖြင့် မဟုတ်မဟတ် စွပ်စွဲချက်တွေနဲ့ဗျာ။ ဘယ်လိုလဲ-အထိန်းအကွပ်မရှိ လုပ်ချင်သလိုလုပ်လို့ရမယ့် ဒီမိုကရေစီကို ဖော်ဆောင်နေတာမဟုတ်ဘူး။ ရေရှည်တည်တံ့ ခိုင်မြဲမယ့် စည်းကမ်းရှိတဲ့ ဒီမိုကရေစီကို ဖော်ဆောင်နေတာ။ အဲဒီနေရာမှာ **နိုင်ငံနဲ့ တိုင်းရင်းသားလူမျိုးတွေအတွက် လိုအပ်တဲ့၊ ထိုက်သင့်တဲ့၊ ပေးသင့်ပေးထိုက်တဲ့ အခွင့်အရေးတွေပေးပြီး နိုင်ငံတော် ဒုက္ခရောက်စေမယ့်၊ မလိုအပ်တဲ့ဆိုးကျိုးဖြစ်လာမှာတွေကို ကာကွယ်ပေးမယ့် ဥပဒေမျိုး မရှိမဖြစ်လိုတယ်။ ဒီနေ့အတည်ပြုပြီးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ဒါပဲ။** ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ အကိုက်ညီဆုံးပဲ၊ အသင့်တော်ဆုံးပဲ။ ထိန်းသင့်တာတော့ အချိန်အတိုင်းအတာတစ်ခုအထိ ထိန်းရမှာပေါ့။ ထိန်းညှိထားရမယ်လေဗျာ။ ရှေ့-အင့် ဒီမိုကရေစီဆိုပြီး မျက်နှာလွှဲခဲပစ် ပေးလို့ရတာမျိုးမှ မဟုတ်တာ။ အဘက်ဘက်က သင့်တော်ကိုက်ညီခိုင်မာပြည့်စုံတဲ့ အခြေခံဥပဒေဟာ နိုင်ငံတော်ရှေ့ဆက်ရမယ့် ခရီးအတွက် အသက်ခန္ဓာပဲ၊ လမ်းညွှန်ပဲ။ ဒါကိုပျက်အောင်လုပ်ဖို့ အကြောင်းမရှိဘူး။ သူတို့ဘာလို့ ပျက်အောင်လုပ်တာလဲ။ ရှည်ရှည်ဝေးဝေးပြောရင်ကြာတယ်။ လိုရင်းပြောရရင် သူတို့စိတ်ကြိုက်အစိုးရ ဖွဲ့လို့မရလို့။ သူတို့လိုချင်တဲ့ တိုင်းပြည်ကို ရောင်းစားလို့ရမယ့် အခွင့်အရေးမျိုးတွေမရလို့။ သူတို့အားကိုးနေတဲ့ ပြည်ပနိုင်ငံကြီးတွေ သဘောကျ ရုပ်သေးအစိုးရ ဖြစ်မလာနိုင်တော့မှာမို့။ နိုင်ငံဟာ ဆက်ပြီး စုစုစည်းစည်းနဲ့ ညီညီညွတ်ညွတ် တည်တံ့ခိုင်မြဲသွားမှာမို့ သူတို့က ဒီဥပဒေကို အတည်မပြုချင်တာပဲ။ သူတို့ရဲ့ကိုယ်ပိုင်အတွေးအခေါ် အယူအဆနဲ့ လုပ်နေကြတာမှဟုတ်ရဲ့လားလို့ သံသယဝင်မိတယ်။ မဖြစ်နိုင်ဘူး၊ဘာကြောင့်လဲ ဆိုတော့ ပြည်ပကလူတွေကလည်း သူတို့ဆီမှာ အဝင်အထွက်ကများမှများကိုး။ ကားကြီးတွေနဲ့လာ၊ အထုပ်ကြီးတွေ၊ စာအိတ်ကြီးတွေပိုက်ပိုက်ပြီး ဝင်ထွက်သွားလာနေတာ မမြင်ချင်မှအဆုံး မဟုတ်လား။ ကဲ-အခု အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတစ်ရပ်လုံးက မဲဆန္ဒနဲ့ အတည်ပြုပြီးပြီ။ ပြည်သူလူထုက နားလည်သဘောပေါက်တယ်။ အလိုအပ်ဆုံး၊ အသင့်တော်ဆုံး၊ တိုင်းပြည်အတွက် အန္တရာယ်အကင်းဆုံး ဥပဒေဆိုတာ လက်ခံတယ်။ ဒီဥပဒေနဲ့ နိုင်ငံကို ဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်မယ်ဆိုတာယုံကြည်တယ်။ ဒါကြောင့် ထောက်ခံတယ်။ ခုသူတို့က အသိအမှတ်မပြုဘူးလုပ်တယ်။ ၂၀၁၀ရွေးကောက်ပွဲကို လက်မခံဘူးလုပ်တယ်။ ဒါပြည်သူလူထုရဲ့ ဆန္ဒသဘောထားကို ဆန့်ကျင်တာပဲ။ အလေးမထား ပစ်ပယ်လျစ်လျူရှုတာပဲ။ အများဆန္ဒနဲ့အညီလေဗျာ။ ဒီမိုကရေစီဆို။ ဘာ အပြောတခြား အလုပ်တခြား လုပ်တာလဲ။ ဒါပြည်သူလူထုက နိုင်ငံတော်အစိုးရကို ဒီနည်းလမ်းမှန်ပါတယ်၊ သဘောတူတယ်၊ ထောက်ခံတယ်၊ ဒါ အလုပ်သင့်ဆုံးလမ်းစဉ်ပါ၊ ဒီအတိုင်းသာ ဆက်လုပ်ပါ၊ တာဝန်ယူဆက်လက်ဆောင်ရွက်ပါတော့လို့ Mandate ပေးတာဗျ။ ပြည်သူလူထုရဲ့ Mandate နဲ့ ဆန္ဒသဘောထားကို စော်ကားတာပဲလေ။

**ပြီးတော့ ၉၀ပြည့်နှစ် ရွေးကောက်ပွဲကိုပဲ ထပ်ခါထပ်ခါ အော်နေတုန်းပဲ စဉ်းစားကြည့်ပါဦး။ ခု အဲဒီရွေးချယ်တင်မြှောက်ခံထားရပါတယ်ဆိုတဲ့ ကိုယ်စားလှယ် အရေအတွက် ဘယ်လောက်များ ကျန်သေးလို့လဲ။ ပြစ်မှုကျူးလွန်လို့ ထောင်ကျသွားသူတွေ၊ နုတ်ထွက်သွားသူတွေ၊ မိမိပါတီကို ယုံကြည်မှုမရှိတော့လို့ တစ်သီးပုဂ္ဂလကို ပြောင်းသွားသူတွေ၊ ပြည်ပနဲ့ နယ်စပ်ကို ထွက်ပြေးတိမ်းရှောင်သွားသူတွေ၊ ကွယ်လွန်သွားသူတွေ၊ ထုတ်ပယ်ခံရသူတွေနဲ့ အများကြီးပဲ။ လက်ကျန်ဘာမှမရှိတော့ဘူး။ လွှတ်တော်ခေါ်နိုင်တဲ့ အရေအတွက် ဘယ်လိုမှမရှိတော့ဘူးလေ။ ကာလလည်း ဘယ်လောက်ကြာပြီလဲ ကြည့်ဦး၊ ၁၈နှစ်ကျော်ပြီ။ နိုင်ငံတကာကျင့်သုံးနေတဲ့ ကျင့်စဉ်အရ လွှတ်တော်သက်တမ်းက လေးနှစ်၊ ငါးနှစ်လောက်ပဲရှိတာ။ သက်တမ်းကုန်ပြီးတာကြာပြီ။ ဒီတော့ ၉၀ပြည့်နှစ် ရလဒ်ဟောင်းကြီးကို ဖက်တွယ်နေတာ ဘာမှအဓိပ္ပာယ်မရှိဘူး။**

နိုင်ငံနဲ့ တိုင်းရင်းသား ပြည်သူအတွက် အဓိပ္ပာယ်မရှိဘူး ပြောတာနော်။ သူတို့အတွက်တော့ အဓိပ္ပာယ်ရှိချင်ရှိမယ်။ သူတို့ဖော်ဆောင်တဲ့ တလွဲဆံပင်ကောင်း အဓိပ္ပာယ်ပေါ့ဗျာ။ ခု ပြည်သူလူထုတွေက အတည်ပြုပေးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရဆိုရင် သူတို့ရဲ့ အနာဂတ်က ပျောက်နေပြီလေ။ ကြားပါတယ်။ အချင်းချင်းထဲမှာလည်း ညီညီညွတ်ညွတ်မရှိ၊ ပြည်သူလူထုကလည်း မထောက်ခံရှုံတင်မက အော့ကြောက ခပ်လန်လန်၊ လုပ်ပေါက်တွေကလည်း တစ်ခုမှကောင်းတာမရှိ၊ ဆက်ပြီး လုပ်စရာကိုင်စရာကလည်းမရှိတော့ဘူးလေ။ လမ်းပျောက်နေပြီ၊ လမ်းဆုံးကိုရောက်နေပြီ။ ဒါကြောင့် ဒီရလဒ်ဟောင်း၊ ရက်လွန်ဆေးကြီးကို အမိအရဖက်တွယ်တောင်းဆိုနေကြတာ မဟုတ်လား။ ဒါပေမယ့် သူတို့အားရှိအောင် တစ်ခုတော့ အကြံပြုပြောလိုက်ချင်ပါတယ်။ ခုပြည်သူလူထုက ပေးထားတဲ့ Mandate လမ်းကြောင်းအတိုင်း မှန်မှန်ကန်ကန် လိုက်နိုင်ဖို့ ကြိုးစားကြည့်စေချင်ပါတယ်။ ဒါဆိုသူတို့အကျိုးရှိမယ်၊ လမ်းတည့်သွားမယ်။ အဲဒီလိုမဟုတ်ရင်တော့ တဖြည်းဖြည်း ဝေးဝေးသွားရာကနေ တစ်နေ့ရာကျ ကောက်ကွေ့သွားပြီး ဆန့်ကျင်ဘက် ကန့်လန့်ဖြစ်သွားမယ်။ မဖြစ်စေချင်ပါဘူး၊ တကယ်ပြောတာပါ။ သူတို့တစ်တွေလည်း လုပ်နေကိုင်နေကြတာပဲ။ အထိုက်အလျောက် အတွေ့အကြုံလေးတွေရှိတာပဲ။ မှန်တဲ့ဘက်မှာသုံးရင် အကျိုးရှိတာ ဖြစ်မှာပေါ့ဗျာ။ ကောင်းတာလုပ်ရင်၊ အကျိုးရှိတာလုပ်ရင် နိုင်ငံတော်အတွက် 'အား' ပါပဲ။

ဘာခုမှ တွေ့ဆုံဆွေးနွေးရေးတွေ ဘာတွေ တောင်းဆိုနေကြတာလဲ။ အဆင့်က ကျော်ခဲ့ပြီ၊ပြီးခဲ့ပြီ။ တွေ့ဆုံဆွေးနွေးဖို့ အခွင့်အရေးတွေပေးခဲ့ပြီးပြီ။ သူတို့ ကိုယ်တိုင်လည်း စိတ်တူကိုယ်တူ ဝင်ပါခဲ့ကြပြီးပြီ။ ဘာမှ မဟုတ်တာတွေ အနာလုပ်ပြီး၊ ကျောခိုင်းသွားပြီးမှ အန့်တသင်းသင်း၊ အသီးတဝင်းဝင်း ဖြစ်မှ အပင်လှဲပစ်ဖို့ မလုပ်ကြပါနဲ့၊ အဓိပ္ပာယ်မရှိဘူးလေ။ တစ်ဦးတစ်ဖွဲ့တည်းနဲ့ တွေ့ဆုံဆွေးနွေးပြီး ပေါ်လာတဲ့ရလဒ်တွေ မဟုတ်ဘူး။ ဒါကို ခုမှ တွေ့ဆုံဆွေးနွေးပါရစေဆိုပြီး ဟိုဟာပြင်၊ ဒီဟာပြင် လုပ်လို့မှမရတာ။ ကိုယ်စားလှယ်တွေနဲ့ လုပ်ခဲ့တဲ့ ညီလာခံ၊ ပြည်သူတစ်ရပ်လုံးက ၉၂ဒသမ ၄၈ရာခိုင်နှုန်းနဲ့ ထောက်ခံအတည်ပြုထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ။ ဒါတွေကို တစ်ခုမှပြင်လို့၊ ဖြည့်စွက်လို့မရတော့ဘူး။ သဘောက ပြန်ပြီး ဆွေးနွေးရုံနဲ့ ပြင်ဆင်ဖြည့်စွက်လို့ မရတော့ဘူး ပြောတာပါ။ သူ့ကာလ သက်တမ်းကျရင်တော့ သူ့သတ်မှတ်ချက်တွေနဲ့အညီ ပြင်ဆင်ခွင့်ရှိတာပေါ့လေ။ ဒါကလည်း အခြေခံဥပဒေမှာကို အခွင့်အရေး ပေးထားပြီးသားပါ။ ဒါပေမယ့် အခြေခံဥပဒေကို လိုက်နာပြီးမှ လုပ်လို့ရမှာလေ။

အဲဒီတော့ဗျာ ဒီအချိန်ဟာ အဲဒီလို မဖြစ်နိုင်တာတွေ၊ မဖြစ်သင့်တာတွေ၊ မဆီလျော်တာတွေ တောင်းဆိုပြီး မဟုတ်ကဟုတ်က လုပ်ဖို့ အချိန်မဟုတ်တော့ဘူးဗျ။ ပြည်သူလူထုက ပေးပြီးသား Mandate အတိုင်း လုပ်ဖို့တစ်ခုပဲရှိတယ်။ **ဒါကို တာဝန်ယူဆောင်ရွက်ပေးရတဲ့ နိုင်ငံတော်အစိုးရကလည်း ပြည်သူလူထုပေးတဲ့ Mandate အတိုင်း ဆက်လုပ်သွားမှာပဲ။ ဒါတော့ မယုံမရှိနဲ့။ အတိအလင်းပြောထားပြီးပြီလေ။ ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း မမိုတ်မသုန် အောင်မြင်အောင် ဆက်လုပ်သွားမယ်။ ၂၀၁၀မှာ ရွေးကောက်ပွဲလုပ်မယ်။ ဒါတွေကို ဖျက်လိုဖျက်ဆီးလုပ်လာတဲ့ အဖျက်အမှောင့်မှန်သမျှလက်မခံဘူး။ ပြည်သူလူထုရဲ့ဆန္ဒနဲ့အညီ ဆက်လက်အကောင်အထည်ဖော်သွားမယ်တဲ့။ ဒီတော့ ဘာလုပ်ကြမလဲ။ လုပ်သင့်တာပဲ လုပ်ရမှာပေါ့။ မလုပ်သင့်တာတွေ ရပ်ကြတော့ပေါ့။**

အရင်ကလည်း ကဖျက်ယဖျက်လုပ်လို့ မကြာသင့်ပဲ ကြာခဲ့ပြီ။ ခုလည်း လုပ်ဖို့ ကြံစည်အစပျိုးတာတွေရှိနေပြီ။ ဟိုဟာတောင်းဆို၊ ဒီဟာတောင်းဆို၊ ဟိုဟာတိုက်တွန်း၊ ဒီဟာတိုက်တွန်း၊ ဟိုဟာကန့်ကွက်၊ ဒီဟာကန့်ကွက်နဲ့ ပြည်သူလူထုကို ဇဝေဇဝါ ယောင်ယောင်မှားမှားဖြစ်အောင် လုပ်ရတော့မယ့်အချိန် မဟုတ်တော့ပါ။ ပြည်သူလူထုဆန္ဒနဲ့အညီ ပြည်သူတွေလိုလားတဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် မလုပ်ကြပါနဲ့။ ဆူပူအကြမ်းဖက်မှုနဲ့ ဖောက်ခွဲဖျက်ဆီးမှုတွေကို ရပ်တန်းကရပ်ကြပါ။ အေးအေးဆေးဆေး လုပ်ကိုင်ရောင်းဝယ်ဖောက်ကား နေထိုင်စားသောက်နေကြတဲ့ ပြည်သူလူထုကို အနေအစားပျက်အောင်၊ ဒုက္ခရောက်အောင် သွေးဆောင်ဖြားယောင်း ဖန်တီးလုပ်ဆောင်တာတွေ တော်သင့်ပါပြီ။ ပြည်သူတွေတောင့်တနေတဲ့ ဒီမိုကရေစီစနစ်ကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ မြန်မြန်ရောက်ဖို့အရေး မဖျက်ဆီး၊ မနှောင့်ယှက်ကြပါနဲ့တော့။ အေးချမ်းတည်ငြိမ်စွာနဲ့ ဒီမိုကရေစီပန်းတိုင်ကို ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ပဲ အတူလက်တွဲ ပါဝင်ဆောင်ရွက်သွားကြရင်ဖြင့် ဤခရီးမဝေးတော့ပါ။ နီးနေပါပြီ။ ပန်းတိုင်ကို လှမ်းမြင်နေရပြီ။ မှန်ပျပျမဟုတ်ဘူးနော်။ ထင်ထင်ရှားရှား ကွက်ကွက်ကွင်းကွင်းကို မြင်နေရတာ။ ဒါကိုတော့ အလှမ်းဝေးအောင် မလုပ်ကြပါနဲ့တော့လို့။ ။

နိုင်ငံတော်အစိုးရကလည်း ပြည်သူလူထုပေးတဲ့ Mandate အတိုင်း ဆက်လုပ်သွားမှာပဲ။ ဒါတော့ မယုံမရှိနဲ့။ အတိအလင်း ပြောထားပြီးပြီလေ။ ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း မမိုတ်မသုန် အောင်မြင်အောင် ဆက်လုပ်သွားမယ်။ ၂၀၁၀မှာ ရွေးကောက်ပွဲလုပ်မယ်။ ဒါတွေကို ဖျက်လိုဖျက်ဆီးလုပ်လာတဲ့ အဖျက် အမှောင့်မှန်သမျှ လက်မခံဘူး။ ပြည်သူလူထုရဲ့ဆန္ဒနဲ့အညီ ဆက်လက် အကောင်အထည်ဖော်သွားမယ်။

● ကျော့ဖုံးမှ

**ဇင်** - လုံးချောရေ အခုပွဲအတွက် ပြင်ဆင်ချိန် ဘယ်လောက်ရခဲ့သလဲ။

**လုံး** - ရန်ကြီးအောင်နဲ့ပွဲက ဩဂုတ်လ ၁၀ရက်မှာ ထိုးခဲ့တာဆိုတော့ စက်တင်ဘာ ၂၈ရက်မှာထိုးရမယ့် စောငမန်းနဲ့ပွဲအတွက် တစ်လခွဲလောက် ပြင်ဆင်ချိန် ရခဲ့တယ်လို့ ဆိုရမှာပါ။

စောငမန်းနှင့်ပွဲအတွက် အပြင်းအထန်လေ့ကျင့်ပြင်ဆင်နေသော ချန်ပီယံ လုံးချော။ (မြန်မာ့အလင်း)

**ဇင်** - ဝဏ္ဏနဲ့ပွဲအပြီး နှစ်ပတ်ပဲခြားပြီး ရန်ကြီးအောင်နဲ့ ထိုးခဲ့တာနော်၊ ဒါတောင် ရန်ကြီးအောင်ကို အလဲထိုးနိုင်ခဲ့ရင် အခုပွဲက ပြင်ဆင်ချိန်ပိုရတော့ လုံးချောအတွက် အခြေအနေပိုကောင်းမယ့်သဘောရှိမှာပေ့ါ။

**လုံး** - ပြောရရင် အခြေအနေချင်းကတော့မတူဘူးပေ့ါဆရာ၊ ဝဏ္ဏဆိုတာ ကျွန်တော်နဲ့ ထိုးတော့မှ ပထမတန်းပွဲ စထိုးတဲ့ သဘောရှိပြီး ရန်ကြီးအောင်ဆိုရင်လည်း ပြီးခဲ့တဲ့ ရွှေခါးပတ်ပွဲကမှ ကိုထီး(အယ်ထီးကော်)နဲ့ထိုးပြီး ပထမတန်းကို တက်လာခဲ့တာ၊ အခုထိုးရမယ့် စောငမန်းကျတော့ ပထမတန်းလက်ဝှေ့သမား ဖြစ်ခဲ့တာကျွန်တော့်ထက်စောတယ်လို့တောင် ပြောနိုင်ပါတယ်။ သူက ကိုထီးလို၊ ရှမ်းလေးသွေးလို၊ အောင်အောင်ထွန်းလို လက်ဝှေ့သမားတွေကို အနိုင်ထိုးခဲ့ဖူး တယ်၊ မွေထိုင်းနဲ့လည်း ကျွန်တော် ယခင်က တစ်ပွဲပဲ ထိုးဖူးသေးတာ၊ စောငမန်းဆို ငါးပွဲထက်မနည်းထိုးဖူးနေလောက်တယ်၊ ပြီးတော့ သူက သုဝဏ္ဏမှာ စခန်းဝင်လေ့ကျင့်နေခဲ့တာ အတော်ကြာပြီလေ၊ ဒီတော့ ကျွန်တော့်အနေနဲ့ ဒီလောက်ပြင်ဆင်ချိန်ရမှ အတော်လောက်ကျမယ်။

**ဇင်** - လုံးချောအနေနဲ့ စောငမန်းကို အနင်းပွဲနဲ့ မျှော်စင်ကျွန်းမှစိန်ခေါ်သံ အမှတ်(၃) ပွဲမှာ အနိုင်ရခဲ့ဖူးတယ် မဟုတ်လား။

**လုံး** - ဟုတ်ကဲ့၊ စောငမန်းနဲ့ ပထမဆုံးအကြိမ်တွေ့တဲ့ မြစ်ကြီးနားပွဲမှာ ကျွန်တော် စင်ပေါ်က အားလွန်ကျပြီး အရှုံးပေးခဲ့ရဖူးတာလည်းရှိတယ်။ အနင်းမှာနိုင်တယ် ဆိုတာကလည်း အဲဒီဒေသထုံးစံအရ ငါးချီအပြီး ငါးမိနစ်ဆက်အထိုးမှာ သူ့လက်ဆစ်နာသွားပြီး ဆက်မထိုးနိုင်တော့တဲ့အတွက် ကျွန်တော်နိုင်တာပေ့ါ။ အခုလို ငါးချီပဲဆိုရင် သရေပွဲဖြစ်ဦးမှာပဲလေ၊ မျှော်စင်ကျွန်းပွဲကတော့ သူနဲ့ ကျွန်တော်မှာ ဒဏ်ရာအကင်းမသေတဲ့သူက ရှုံးသွားတာမျိုးပါ။ အဲဒီပွဲမတိုင်ခင် တစ်ပတ်ပဲခြားတယ် ကျွန်တော်တို့နှစ်ယောက် မြိတ်မြို့မှာ ထိုးကြတော့ သူ့ ညာဘက်နံရိုးမှာ ဒဏ်ရာရသွားတယ်၊ တစ်ပတ်အတွင်း ပြန်ထိုးရတော့ အဲဒီ နေရာထိပြီး သူ ဆက်မထိုးနိုင်တော့တာ။

**ဇင်** - ဒါဆို ဒီပွဲဟာ လုံးချောနဲ့ စောငမန်း တွေ့ခဲ့သမျှပွဲတွေထက် ပိုပြီးခက်ခဲ ကြမ်းတမ်းမယ့်သဘောရှိနေတယ်လို့ ဆိုနိုင်မလား။

**လုံး** - ဟုတ်ပါတယ်၊ ဒီပွဲဟာ သူ့အတွက်ရော ကျွန်တော့်အတွက်ပါ ခါတိုင်းပွဲတွေနဲ့ မတူအောင် ပိုပြီး ပြင်းထန်ရင်ဆိုင်မှုမျိုးဖြစ်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ နှစ်ယောက်စလုံး လေ့ကျင့်ပြင်ဆင်ချိန် အလုံအလောက်ရထားတယ်။ ဒဏ်ရာ အနာတရလည်း ရှိမထားကြဘူး။ ရှေ့မှာ ပွဲနွေးခွင့်တွေလည်း ရထားကြတယ် ဆိုတော့ ဒီပွဲမှာ သူရော ကျွန်တော်ပါ ဘာဆင်ခြေမှပေးစရာမရှိဘဲ အသေ အလဲတွယ်ကြဖို့ပဲ ရှိတယ်။

**ဇင်** - စောငမန်းနဲ့ပတ်သက်ပြီး မင်းအတွက် စိုးရိမ်စရာတိုက်ကွက်မျိုး ဘာရှိမလဲ။

**လုံး** - သူနဲ့ ကျွန်တော် ရှစ်ပွဲထိုးခဲ့ဖူးပါပြီ၊ သူ့ဆီက စိုးရိမ်စရာတိုက်ကွက်မျိုးရယ်လို့ ကျွန်တော့်အတွက် မရှိပါဘူး၊ တစ်ခါမှ မတွေ့ဖူးသေးတဲ့သူတွေ၊ ဥပမာ နိုင်ငံခြားသား လက်ဝှေ့သမားတွေနဲ့ ထိုးရမယ်ဆိုတဲ့အချိန်မျိုးမှာတော့ အဲဒီလို နည်းနည်းစိုးရိမ်တာမျိုး ရှိတတ်တယ်။ အခု ကျွန်တော်စိုးရိမ်နေတာက သူ ထိုးအိပ်ကန်အိပ်လုပ်နေမှာပဲ စိုးတာ။

**ဇင်** - မတ်မတ်မထိုးဘဲ ထိုးအိပ်ကန်အိပ်လုပ်တဲ့ လက်ဝှေ့သမားမျိုးနဲ့တွေ့တာရယ်၊ သူတင်ကိုယ်တင်ပြန်ထိုးတဲ့ လက်ဝှေ့သမားမျိုးနဲ့ တွေ့တာရယ် ဘာကို သဘောကျ သလဲ။

**လုံး** - ထိုးအိပ်ကန်အိပ်လုပ်တဲ့ လက်ဝှေ့သမားနဲ့တွေ့မှာ ကျွန်တော်အကြောက်ဆုံးပဲ၊ သူကလုံ့အိပ်အထားနဲ့ ကိုယ်က အားမထိန်းနိုင်တဲ့အခါမျိုးကြုံရင် ကိုယ်ပဲ လူညစ်ကြီးလိုလို ဖြစ်ပြန်ရော၊ သူတင်ကိုယ်တင်ထိုးတာမျိုးက ပရိသတ်လည်း ကြိုက်တယ်ဆိုတော့ ပွဲကောင်းတယ်ဆိုတာမျိုး ကိုယ်တွေလည်း နာမည်ရတယ်၊ ပွဲစီစဉ်သူလည်း နာမည်ရတယ်။

**ဇင်** - ဒါထက် စကားမစပ် လုံးချောကို ဂျပန်လက်ဝှေ့သမားတစ်ယောက်က စိန်ခေါ် တယ်ဆိုတာရော ဟုတ်လား၊ ဘယ်တော့လောက်တွေ့ကြဖို့ရှိမလဲ။

**လုံး** - အဲဒါက အတော်ကြာပြီ ဆရာ၊ ကျွန်တော်တို့ ဂျပန်ကို နောက်ဆုံးအခေါက် သွားထိုးပြီးပြီးချင်းမှာပဲ သူက ကျွန်တော့်ကိုစိန်ခေါ်တာ၊ အဲဒီတုန်းက ဘီလပ်မြေ စတားနဲ့ထိုးတဲ့ ဂျပန်လက်ဝှေ့သမားပေ့ါ။ သူ့နာမည်က ဆာမူကာဝါလို့ ခေါ်တယ်။ အဲဒါ အခုတော့ သူတို့ဘက်က ဒီမှာလာထိုးမယ်ဆိုပြီးဖြစ်လာတယ် ကြားရတာပါပဲ။ ကျွန်တော်လည်း ဘာမှ အတိအကျမသိရသေးဘူးခင်ဗျ၊ အခြေအနေက ညှိနှိုင်းကြတုန်းပဲရှိဦးမယ် ထင်ပါတယ်။

**ဇင်** - ကဲ-မေးခဲ့တာတွေလည်း များပြီမို့ တော်လောက်ပါပြီကွာ၊ လုံးချော ပရိသတ် တွေကို ဘာပြောဖို့ရှိမလဲ။

**လုံး** - ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်ကြီးကို အမြဲတမ်း လေးစားပါတယ်။ အဲဒီပရိသတ်သာမရှိရင် လုံးချောဆိုတာလည်း မရှိပါဘူး။ ဒါကြောင့် သူတို့ အားပေးရကျိုးနပ်အောင် ကြိုးစားထိုးသတ်ပါမယ်လို့။ ။ **(မြန်မာ့အလင်း)**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

၂၀၀၈ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ညနေပိုင်းက ရေဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီရေတပ် စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြား ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

## ချီးမြှင့်

ပြိုင်ပွဲတွင် အသင်း ၁၃သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ၂၀၀၈ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် ရေဝတီရေတပ်စခန်းဌာနချုပ် အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ကြောင်း သတင်း ရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

* ကျော့ဖုံးမှ

## ဈေးနှုန်းကျဆင်း

အသင်းအဆောက်အအုံ၏ အပေါ် ထပ်တွင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း တည်ရှိသဖြင့် ဝင်ရောက် လေ့လာ စေ့ငုခဲ့သည်။ မလေးရှားနိုင်ငံမှ မှာယူတင်သွင်းသော စားအုန်းဆီမှာ ဒေါ်လာဈေးအတက်အကျ ပေါ်မူတည်၍ နေ့စဉ် အပြောင်းအလဲ ရှိနေကြောင်း သိရသည်။ ဆီကုန်သည် များ၊ လုပ်ငန်းရှင်များသိရှိနိုင်ရန် နေ့စဉ် ပြောင်းလဲနေသော ဈေးနှုန်းကို ကြော်ငြာ သင်ပုန်းပေါ်တွင် ကပ်ထားသည်ကို တွေ့မြင်ရသည်။ စက်တင်ဘာ ၂၈ရက်က ရန်ကုန်ဆိပ်ကမ်းအရောက် စားအုန်းဆီ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၉၀ ဖြစ်၍ အရင်းဈေးသည် တစ်ပိဿာလျှင်

**ပဲမျိုးစုံ ရောင်းချ**

**ဘုရင့်နောင် ကုန်စည်ဒိုင် ကွံ့ကော်လမ်းရှိ ပဲမျိုးစုံ ရောင်းချသောပွဲရုံမှ ပဲများ လက်လီ လက်ကား ရောင်းချပေးနေသည်ကို တွေ့ရစဉ်။**

(မြန်မာ့အလင်း)

၁၈၂ကျပ် ဖြစ်သည်။ စက်တင်ဘာ ၁၉ရက် (သောကြာနေ့)က ရန်ကုန် ဆိပ်ကမ်းအရောက် စားအုန်းဆီတစ်တန် လျှင် အမေရိကန်ဒေါ်လာ ၇၅၅ဖြစ်၍ အရင်းဈေးသည် တစ်ပိဿာ ၁၅၈၇ကျပ် ဖြစ်၍ ဈေးနှုန်းကျဆင်းလာသည်ဟု သိရသည်။

## ရောင်းချပေးမည်

ရန်ကုန်တိုင်းအတွင်း စားအုန်းဆီ ကိုယ်စားလှယ်ရထားသူများသည် ဈေး များ၊ အိမ်ဆိုင်များ၌ စက်တင်ဘာ၂၂ရက်မှ စတင်၍ ပုဇွန်တောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လမ်းမတော်၊ လသာ၊ ဗိုလ်တထောင်၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ ရန်ကင်း၊ သဃ်န်းကျွန်း၊တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒေါပုံ၊ သာကေတ၊ အလုံ၊ ဗဟန်း၊ ဒဂုံ၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ လှိုင်၊ မရမ်းကုန်း၊ စမ်းချောင်း၊ အင်းစိန် ၂၃ မြို့နယ်များတွင် တစ်ပိဿာ လျှင် ၂၅၄၇ကျပ်နှုန်းဖြင့် လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ (အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ မြို့တွင်းဆိပ်ကမ်း၊ ဒလ၊ဆိပ်ကြီးခနောင်တို၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ သန်လျင်၊ သုံးခွ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေး၊ တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ ထန်းတပင်၊ ကျောက်တန်း၊ ခရမ်း၊ ကိုကိုးကျွန်း၊ တံတားမြို့ ၂၃မြို့နယ်တွင် တစ်ပိဿာ ၂၅၅၇ကျပ်နှုန်းဖြင့် ရောင်းချ ပေးမည်ဟု သိရသည်။

ပုဂ္ဂလိက၊ ရေဝတီ၊ ရန်ကုန်၊ ရွှေပဲဆီ သန့်များကို ပိဿာဝင်ပုံးများဖြင့် ထည့်သွင်း ရောင်းချကြရာ ရေဝတီမြေပဲဆီသည် ယခင်အပတ်ကထက် ကျပ်၂၀၀ ဈေးမြင့် ကာ၊ ဆီအသားချည်း တစ်ပိဿာ ကျပ် ၄၂၀၀ ဖြစ်ပြီး ပလတ်စတစ်ပုံး ပါလျှင် ကျပ် ၄၄၀၀ ဖြစ်သည်။ မြင်းခြံမြေပဲဆီမှာ တစ်ပိဿာ ကျပ် ၄၅၀၀ဖြင့် ဘုရင့်နောင် ပွဲရုံတွင် လက်လီရောင်းချပေးနေသည်။ ပဲမျိုးစုံဈေးနှုန်းမှာ မတ်ပဲ သုံးတင်းဝင် ပိဿာ၆၀ တစ်အိတ်လျှင် ကျပ် ၆၉၁၀၀ ဖြစ်ပြီး၊ ၆၁၂ပိဿာရှိ တစ်တန်လျှင် ကျပ် ၆၉၃၀၀၀ ဈေးရှိသည်။ လက်ကားဈေး စားတော်ပဲတစ်ပိဿာ၁၅၈၅ကျပ်၊ ပဲနီပြား တစ်ပိဿာ ကျပ်၈၂၀၊ ထောပတ်ပဲ ၇၈၅ ကျပ်၊ ကုလားပဲ ကျပ်၉၃၀၊ ကုလားပဲခြမ်း ကျပ် ၁၁၂၀တို့ ဈေးရှိသည်။

## လှိုင်လှိုင်ပေါ

စက်တင်ဘာ ၂၂ရက်က ဘုရင့်နောင် ကုန်စည်ဒိုင်သို့ ကြက်သွန်နီကုန်တင်ကား ၁၃စီး၊ ကြက်သွန်ဖြူ အိတ်ရေ ၁၀၀၀၊ အာလူးကုန်တင်ကားခြောက်စီး၊ ငရုတ်ရှည် အိတ်ရေ ၄၀၀၀၊ ငရုတ်ပု အိတ်ရေ ၅၀၀ ဝင်ရောက်သည်။ ဈေးနှုန်းများမှာ အလုံး အကြီးအသေး အရွယ်အစားအပေါ်လိုက်၍ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ကျပ် ၂၄၀မှ ၅၀၀၊ မြင်းခြံကြက်သွန်နီ ကျပ် ၃၀၀မှ ၅၀၀၊ တောင်သာကြက်သွန်နီ ၂၂၅ကျပ်မှ ၃၇၅ကျပ်၊ မလှိုင်ကြက်သွန်နီ ကျပ်၂၀၀မှ ၄၀၀၊ ဆင်ဖြူကျွန်းကြက်သွန်နီ ကျပ် ၂၅၀မှ ၄၄၀၊ ပျော်ဘွယ်ကြက်သွန်နီ ကျပ် ၂၀၀မှ ၄၈၀ဖြစ်သည်။ ရှမ်းကြက် သွန်ဖြူမှာ တစ်ပိဿာ ကျပ်၁၅၀မှ ၃၅၀၊ ကြူကုတ်ကြက်သွန်ဖြူ ကျပ်၆၈၀မှ ၇၀၀ ဖြစ်သည်။ အထားမခံတော့သည့် ကြက် သွန်နီများ ရက်သတ္တနှစ်ပတ် ဆက်တိုက် ဝင်ရောက်လာ၍ ဘုရင့်နောင်ပွဲရုံများတွင် ကြက်သွန်နီများ လှိုင်လှိုင်ပေါနေကြောင်း၊ ပြည်ပဈေးကွက်လည်းမှာယူမှုနည်း၍အေးနေ ပါကြောင်း၊ ကြက်သွန်နီသည် ဈေးတက်ဖို့ လည်းမမြင် ဒီထက်ကျစရာလည်း မရှိတော့ ကြောင်းဖြင့် ကြက်သွန်ပွဲရုံပိုင်ရှင် ဦးစိန် မြင့်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ဟဲဟိုးနှင့် အောင်ပန်း အာလူးမှာ လုံးလတ်၊ ဆွဲသီး၊ အေဝမ်း၊ အိုကေ၊ အက်စ်ဝမ်းဟု အမျိုးအစား ငါးမျိုးခွဲခြား ထားပြီး တစ်ပိဿာ ကျပ် ၁၅၀မှ ၄၀၀ ဖြစ်သည်။ ငရုတ်ရှည်မှာ မိုးထောင်၊ ရွှေလောင်း၊ ပန်းတနော်၊ ဝါးခယ်မတို့မှ လာပြီး တစ်ပိဿာ ကျပ် ၁၄၀၀မှ ၁၇၀၀ ဖြစ်သည်။ငရုတ်ပုမှာ စိမ်းစား၊ စက၊ ဆီးပွ၊ ဆင်ဖြူကျွန်း လေးမျိုးခွဲခြားထားပြီး တစ် ပိဿာ ကျပ် ၁၄၀၀မှ ၂၅၀၀ဈေးရှိသည်။

## ဈေးနှုန်းတည်ငြိမ်

ဆက်လက်၍ ယနေ့ငါး၊ ပုစွန်ဈေး နှုန်းများ သိရှိလို၍ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးသို့ ဝင်ရောက်လေ့လာခဲ့ သည်။ ယခုရက်ပိုင်းအတွင်း ရေချိုအင်း ငါးဖြစ်သော ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးပြေမ၊ ငါးပနော်များ အဝင်များသဖြင့် စက်တင်ဘာလအတွင်း ဗဟိုစံပြငါးဈေး ကြီးသို့ တစ်နေ့ပျမ်းမျှ ငါးပုစွန်ပိဿာချိန် တစ်သိန်းငါးသောင်းကျော် ဝင်ရောက်နေ ကြောင်း ကြားသိရသည်။ စက်တင်ဘာ၁၂ ရက် တစ်ရက်တည်း ငါးပုစွန်ပိဿာချိန် ၁၆၆၉၃၅ ဝင်ရောက်ခဲ့သည်။ စက်တင် ဘာ၂၁ရက်ကလည်း ပိဿာချိန်၁၆၂၃၇၇ ဝင်ရောက်ခဲ့ရာ ရန်ကုန်မြို့နေ ပြည်သူများ အတွက် ပို့လျှံနေသဖြင့် နေပြည်တော် ပျဉ်းမနားအပါအဝင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မြေလတ် ဒေသများသို့ပါ ကား၊ ရထားများနှင့် ပိဿာချိန်၂၂၈၉၅တင်ပို့ခဲ့သည်ကို စာရင်း မှတ်တမ်းများအရ သိရသည်။ ငါးပုစွန် အဝင်များသော်လည်း အတက်အကျ အနည်းငယ်သာရှိသဖြင့် ဈေးနှုန်းတည်ငြိမ် နေကြောင်း သိရသည်။

## ငါးပုစွန်ဈေးနှုန်း

ငါးပုစွန်ဈေးနှုန်းများမှာ စက်တင်ဘာ ၂၂ရက်က ငါးရံ့တစ်ပိဿာ ကျပ် ၁၅၀၀ မှ ၃၅၀၀၊ ငါးခူ ကျပ် ၁၇၀၀ မှ ၄၀၀၀၊ ငါးကျည်း ကျပ် ၁၈၀၀ မှ ၄၂၀၀၊ ငါးကြင်း ကျပ် ၁၆၀၀မှ ၃၄၀၀၊ ငါးမြစ်ချင်း ကျပ် ၁၂၀၀ မှ ၂၁၀၀၊ ငါးခေါင်းပွ ကျပ် ၁၂၀၀ မှ ၂၃၀၀၊ ငါးသလောက် ကျပ် ၃၀၀၀မှ ၁၃၀၀၀၊ ကသပေါင်း ကျပ် ၂၀၀၀ မှ ၅၀၀၀၊ ကကတစ် ကျပ် ၁၆၀၀ မှ ၄၅၀၀၊ မွေးမြူရေးငါးတန် ကျပ် ၁၂၀၀မှ ၁၅၀၀၊ မြစ်ငါးတန် ကျပ် ၁၃၀၀မှ ၁၈၀၀၊ ပုစွန်ကျော့ ကျပ်၁၀၀၀ မှ ၁၄၀၀၊ ဖော့ချိတ် ကျပ် ၁၆၀၀မှ ၂၇၀၀၊ ဆတ်ထုပ် ကျပ် ၆၀၀၀ မှ ၈၀၀၀၊ ပြောင်ထုပ် ကျပ် ၈၀၀၀ မှ ၁၂၀၀၀၊ ထုပ်ကြီး ကျပ် ၁၂၀၀၀မှ ၁၉၅၀၀နှင့် ပင်လယ်ငါး အပါအဝင် ကျန်ငါးမျိုးစုံမှာ တစ်ပိဿာ ကျပ် ၁၀၀၀မှ ၂၅၀၀ ဈေးရှိပါကြောင်း ကွင်းဆင်းမေးမြန်း ရေးသားဖော်ပြလိုက် ရပါသည်။ ။

**(မြန်မာ့အလင်း)**

**ငါး ချိန်တွယ်**

**ငါးသလောက် ပိဿာချိန် ၃၀၀ကို တစ်ပိဿာ ကျပ် ၅၅၀၀ ဈေးဖြင့် လားရှိုးမြို့သို့ တင်ပို့ရန် ဗဟိုစံပြငါးဈေး မိဘမေတ္တာ ငါးဒိုင်တွင် ဒစ်ဂျစ်တယ် ချိန်ခွင်ဖြင့် ချိန်တွယ် နေကြစဉ်။**

(မြန်မာ့အလင်း)

# မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအနိုင်ရ

## မြန်မာ့မီးရထားနှင့် ပို့ဆောင်ရေးတို့ သရေကျ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် ■ စာမျက်နှာဖွဲ့စည်းမှု-ဇော်ထွန်းဦး

ရန်ကုန် စက်တင်ဘာ ၂၃

၂၀၀၈-၂၀၀၉ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်း အနိုင်ရသွားပြီး မြန်မာ့မီးရထားနဲ့ ပို့ဆောင်ရေးတို့ သရေကျသွားပါတယ်။

**သုဝဏ္ဏကွင်း**

**ပို့ဆောင်ရေး - တစ်ဂိုး။**
**မြန်မာ့မီးရထား - တစ်ဂိုး။**

ပို့ဆောင်ရေးအသင်းဟာ နောက်က လိုက်ကစားခဲ့ရပေမယ့် အနိုင်ရရှိဖို့ အခွင့်အရေးတွေရရှိခဲ့ပြီး ချေပဂိုးသွင်းခဲ့တဲ့ ဝင်းမင်းထွဋ်ဲ ပယ်နယ်တီ လွဲချော်သွားတာကြောင့် သရေ တစ်မှတ်နဲ့ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။ အစုပွဲနိုင်ရင် ပို့ဆောင်ရေးအသင်းဟာ အမှတ်ပေးဇယားကို ပြတ်ပြတ်သားသားနဲ့ ဦးဆောင်ခွင့်ရနိုင်ပေမယ့် သရေကျသွားတာကြောင့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်နဲ့ ရမှတ်တူပြီး ဂိုးကွာခြားချက်နဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ အသင်း ချေပဂိုး ပြန်လည်ရရှိခဲ့ပြီး ပြည့်ဖြိုးဦးပေးတာကို ဝင်းမင်းထွဋ်က ပိတ်သွင်းယူခဲ့တာ ဖြစ်ပါတယ်။

**အပြန်အလှန်**

လက်ကျန် မိနစ်၃၀ကတော့ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်ရှိခဲ့ပါတယ်။ နှစ်သင်းစလုံးဂိုးရနိုင်တဲ့ အခွင့်အရေးကိုယ်စီရရှိခဲ့သလို ပို့ဆောင်ရေးကတော့ ပိုကောင်းတဲ့ အခွင့်အရေးကို ရရှိခဲ့ပါတယ်။ ချေပဂိုးသွင်းခဲ့တဲ့ ဝင်းမင်းထွဋ်ဟာ ၆၃မိနစ်မှာ ပယ်နယ်တီကန်ခွင့်ရရှိခဲ့ပေမယ့် ဝင်အောင် မသွင်းနိုင်ခဲ့ပါဘူး။ မြန်မာ့မီးရထား ဂိုးသမား ရဲလင်းအောင်ဟာ သူ့ကြောင့်ပေးခဲ့ရတဲ့ ပယ်နယ်တီကို လက်စွမ်းပြကာကွယ်ပြီး ပြန်လည်ပေးဆပ်ခဲ့ပါတယ်။

ပို့ဆောင်ရေးအသင်းတိုက်စစ်ကို မြန်မာ့မီးရထားအသင်း နောက်ခံလူများက ကာကွယ်ဖျက်ထုတ်ကြစဉ်။

**မြန်မာ့မီးရထား**

မြန်မာ့မီးရထားအသင်းဟာ နှစ်ပွဲဆက်တိုက် သရေပွဲနဲ့ ကြုံတွေ့ခဲ့ရတာဖြစ်ပြီး အစုပွဲမှာလည်း ဦးဆောင်ဂိုးကို ထိန်းနိုင်ဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ပို့ဆောင်ရေးအသင်းမှာ ကျော်ဒွန်း၊ ပြည့်ဖြိုးဦး၊ ကျော်ဇေယျာမင်း၊ ထက်အောင်တို့ဖြင့် လူစုံပါဝင်ခဲ့ပြီး မြန်မာ့မီးရထားအသင်းမှာလည်း စိုးမင်းနိုင်၊ ကျော်စိုးလွင်၊ သန့်ဇင်ထွန်းတို့နဲ့ လူစုံ ပါဝင်ကစားခဲ့ပါတယ်။

**ပယ်နယ်တီကန်ခွင့်**

ပထမပွဲစဉ်မှာ လယ်ယာ/ဆည်မြောင်းကို ဂိုးပြတ်အနိုင်ရခဲ့တဲ့ ပို့ဆောင်ရေးအသင်းရဲ့ တိုက်စစ်ပိုင်းဟာ အစုပွဲမှာ ဖိကစားနိုင်ခဲ့ပေမယ့် ဖန်တီးပေးမှုနဲ့ ဂိုးသွင်းပိုင်းကတော့ အမှားများခဲ့ပါတယ်။ မိနစ် ၂၀မှာ ပြည့်ဖြိုးဦး အခွင့်အရေးရရှိခဲ့ပေမယ့် လွဲချော်ခဲ့လို့ ပို့ဆောင်ရေးနစ်နာခဲ့ရပါတယ်။ ပြည့်ဖြိုးဦးဟာ ဒီနေ့ပွဲမှာ နေရာစုံလိုက်ကစားပေမယ့် အဆုံးသတ်ပိုင်းမှာ အားနည်းခဲ့တာတွေ့ရပါတယ်။ မြန်မာ့မီးရထားအသင်းရဲ့ ခြေစွမ်းကတော့ အသင်းကြီးများကို ယှဉ်ကစားနိုင်ခဲ့ပြီး အစုပွဲမှာလည်း အခွင့်အရေးရတာနဲ့ ဂိုးရဖို့ ကြိုးစားခဲ့ပါတယ်။ ၄၃မိနစ်မှာတော့ မြန်မာ့မီးရထားတိုက်စစ်မှူးကို ပို့ဆောင်ရေး ဂိုးသမား ဖြိုးမင်းမောင် ဖျက်ထုတ်တာကြမ်းလို့ မြန်မာ့မီးရထားအသင်း ပယ်နယ်တီကန်ခွင့် ရရှိခဲ့ပါတယ်။ အဲဒီ ပယ်နယ်တီကို စိုးမင်းနိုင်က အမှားအယွင်းမရှိ ကန်သွင်းနိုင်ခဲ့လို့ ပထမပိုင်းအပြီးမှာ မြန်မာ့မီးရထားက တစ်ဂိုးအသာနဲ့ ဦးဆောင်နေပါတယ်။

**အချိတ်အဆက်မိ**

ပထမပိုင်း ပွဲပြီးခါနီးမှာ အမာခံကစားသမားတွေဖြစ်တဲ့ ကြည်လင်းနဲ့ ညွှန့်ဝင်းတို့ ဒဏ်ရာရရှိခဲ့ပေမယ့် ပို့ဆောင်ရေးရဲ့ ဒုတိယပိုင်းကစားပုံကတော့ အချိတ်အဆက်မိမိ ကစားနိုင်ခဲ့ပါတယ်။ ဂိုးရဖို့အတွက် အတင်းဖိကစားနေတဲ့ ပို့ဆောင်ရေးအသင်းဟာ ၅၂မိနစ်မှာ ပြည့်ဖြိုးဦး အခွင့်အရေးတစ်ကြိမ် ရရှိပေမယ့် အသုံးမချနိုင်ခဲ့ပါဘူး။ ၅၉ မိနစ်မှာတော့ ပို့ဆောင်ရေး

**အောင်ဆန်းကွင်း**

**ကာကွယ်ရေးဝန်ကြီးဌာန - သုံးဂိုး။**
**လယ်ယာ/ဆည်မြောင်း - ဂိုးမရှိ။**

အဖွင့်ပွဲစဉ်တွေမှာ အရှုံးနဲ့ ရင်ဆိုင်ခဲ့ရတဲ့ နှစ်သင်းတွေ့ဆုံကြတာဖြစ်ပြီး ကာကွယ်ရေးအသင်းကတော့ နိုင်ပွဲပြန်ရာတွေ့ခဲ့ပါတယ်။ လယ်ယာ/ဆည်မြောင်း အသင်းဟာ ပထမပွဲမှာ ပို့ဆောင်ရေးကိုရော အစုပွဲမှာပါ သုံးဂိုးပြတ်တွေနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

မြန်မာ့ဘောလုံးတိုးတက်ရေးကို ရည်ရွယ်၍ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) ဘောလုံးပြိုင်ပွဲအတွက် Main Sponsors အဖြစ် Grand Royal (IBTC Co.,Ltd.) က ကျပ်သိန်း ၅၀၀၊ Co Sponsor များအဖြစ် Myanmar CP Liarstock Co.,Ltd. က ကျပ်သိန်း ၁၀၀၊ Canon Co.,Ltd. က ကျပ်သိန်း၅၀၊ United Mercury Group Co.,Ltd.က ကျပ်သိန်း ၅၀၊ Calsome ကွေကာ (MDG Co., Ltd.) က ကျပ်သိန်း ၅၀၊ Khin Maung Nyunt Trading Co., Ltd. က ကျပ်သိန်း ၃၀ လှူဒါန်းထားကြပြီး ထပ်မံ၍ United Pharma Co., Ltd. က ငွေကျပ် ၁၅ သိန်းအပြင် မြန်မာ့လက်ရွေးစင် ဘောလုံးသမားများအတွက် ကျပ် ၃၅ သိန်းတန်ဖိုးရှိ ဆေးဝါးများဖြစ်သည့် အင်နာဗွန်-စီ၊ ဘိုင်အိုဂျက်ဆစ်နှင့် Alexan တို့ကို ထပ်မံလှူဒါန်းထားတယ်လို့ သိရပါတယ်။

**ခေတ္တရပ်နား**

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အောက်တိုဘာလအတွင်း ယှဉ်ပြိုင်ရန်ရှိသည့် ဗီယက်နမ် ဟိုချီမင်း စီးတီးဖလား ဘောလုံးပြိုင်ပွဲနှင့် အကြိမ်(၄၀)မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲတို့ရှိတာမို့ မြန်မာလိဂ်အမှတ်ပေးပြိုင်ပွဲကို ယနေ့ပွဲအပြီးမှာ ခေတ္တရပ်နားထားမှာဖြစ်ပြီး အောက်တိုဘာ ၂၉ရက်ကျမှ ပြန်လည်စတင်ယှဉ်ပြိုင်ကစားမှာဖြစ်ပါကြောင်း သတင်းပေးရေးသားလိုက်ရပါတယ်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန် Singapore Association of Myanmar (SAM) မှ လှူဒါန်းသော ငွေကျပ် လေးသန်းခွဲကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Robert Chua Hian Kong နှင့် SAM အဖွဲ့ ဥက္ကဋ္ဌ Mr. Teddy Choo တို့က ပေးအပ်ကြစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေများ လာရောက်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန် Singapore Association of Myanmar (SAM) မှ ငွေကျပ် လေးသန်းခွဲကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Robert Chua Hian Kong၊ SAM အဖွဲ့ဥက္ကဋ္ဌ Mr. Teddy Choo နှင့် အဖွဲ့တို့က ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးချုပ်သို့ လာရောက်လှူဒါန်းကြသည်။

**ပြန်လည်ပေးအပ်**

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် SAM အဖွဲ့ ဥက္ကဋ္ဌတို့က အလှူငွေကျပ် လေးသန်းခွဲကိုပေးအပ်ရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်တို့ကို ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ အားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာဝူရှူးအားကစားအဖွဲ့ ကိုရီးယားသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၃

၂၀၀၈ခုနှစ် စက်တင်ဘာ ၂၆ ရက်မှ ၃၀ရက်အထိ ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အားကစားပြိုင်ပွဲကို ယှဉ်ပြိုင်ရန်အတွက် မြန်မာ ဝူရှူးအားကစားအဖွဲ့သည် ယနေ့ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

(အောက်ပုံ)

**လိုက်ပါ**

မြန်မာဝူရှူးအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးကျော်ကျော်(ဒုတိယဥက္ကဋ္ဌ၊ ဝူရှူးအဖွဲ့ချုပ်)၊ နည်းပြများအဖြစ် Mr. Su Tong Yu (တရုတ်)၊ ဦးအောင်သူနိုင်၊ဦးခင်မောင်ငြိမ်း၊အားကစားသမားများအဖြစ် ထောက်လုအမျိုးသား-အောင်စည်သူ၊ စိုးဝင်းသိန်း၊ စိုးကျော်၊ အမျိုးသမီး-စန္ဒီဦး၊ သက်သက်နိုင်၊ ဆန်းဆိုအမျိုးသမီး-စီစီစိန်တို့ လိုက်ပါသွားကြသည်။ မြန်မာဝူရှူးအဖွဲ့မှာ အဆိုပါပြိုင်ပွဲကို ပထမဦးဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခြင်းလည်းဖြစ်သည်။

**ထွက်ခွာ**

အပြည်ပြည်ဆိုင်ရာ ဝူရှူးအဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ ယင်းပြိုင်ပွဲတွင်ထောက်လုဒိုင်လူကြီးအဖြစ် ဦးခွန်ဂျာအောင် (အထွေထွေအတွင်းရေးမှူး၊ ဝူရှူးအဖွဲ့ချုပ်) နှင့် ဆန်းဆိုဒိုင်လူကြီးအဖြစ် ဦးခင်စိုးတို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည်ဖြစ်ပြီး စက်တင်ဘာ၂၂ရက်က ထွက်ခွာသွားခဲ့ကြပြီးဖြစ်သည်။ **(မြန်မာ့အလင်း)**

FATHER LAND Construction
25' x100'
New Carrier Design
Ready Mixed Concrete
Generator
(Auto System)
Transformer
Over Head Tank
PABX
Wallpaper
(Auto System)
10% Discount
15% Discount

## သားဦးရတနာဖွားမြင်ခြင်းနှင့် ကျေးဇူးတင်လွှာ

ဘိုးဘိုးကြီး မုံရွာဆရာမိုး၏ မြေးဦး ရတနာလေးအား ၁၅-၈-၂၀၀၈ရက်တွင် ပန်းလှိုင် နိုင်ငံတကာ ဆေးရုံကြီး၌ အောင်မြင်စွာ ခွဲစိတ်မွေးဖွားပြီးပါကြောင်းနှင့် ခွဲစိတ်မွေးဖွားပေးပါသော သားဖွား၊ မီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးကျော်ညွန့်၊ သားဖွား၊ မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာစပယ်သန်းလွင်၊ ဒေါက်တာယုယုခင်၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာမေသိန်းတိုး၊ ကလေးဆရာဝန်ကြီး ဒေါက်တာနီလာလွင်၊ ဒေါက်တာထွန်းလင်းမောင်၊ ပန်းလှိုင်ဆေးရုံမှ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ဘိုးဘိုးကြီး-မုံရွာဆရာမိုး**
**ဖေဖေ-ဦးကျော်ကိုကိုရှိန်း**
**မေမေ-ဒေါ်မိုးပြည့်ပြည့်ဖြိုး**
**(မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု)။**

Education For All
N.L.E.C

## စိုက်ပါ စားပါ အရသာ မတူမြတ်ပီတိ

### အမည်မှန်

အဖ ဦးစိုင်းကျော်ဦး၏သမီး၊ မြောက်ဒဂုံမြို့နယ်၊ အထက(၃) တက္ကသိုလ်ဝင်တန်း(K)မှ မနန်းယွန်းဂလိုရီကျော်၏ အမည်မှန်မှာ မနမ့်ယွန်းဂလိုရီကျော် ဖြစ်ပါကြောင်း။ **မနမ့်ယွန်းဂလိုရီကျော်။**

## တန့်ကြည့်တောင်ဆရာတော်ကြီး၏ မွေးနေ့အလှူ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်ကြီး၏ (၇၃)နှစ်ပြည့် မွေးနေ့ဖြစ်သော (၁၃၇၀ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁ရက်) ၃၀-၉-၂၀၀၈ရက်၌ ဘိုးဘွားတို့အား စောင်၊ ခြင်ထောင်၊ အင်္ကျီစသည့် အဝတ်အထည်များ၊ ဝတ္ထုငွေများ လှူဒါန်းပါမည်။ (တော်သလင်းလကွယ်နေ့)၂၉-၉-၂၀၀၈ရက် နံနက်၆နာရီမှ ညနေ၆နာရီအထိ တန့်ကြည့်တောင်ပေါ်သို့ ရောက်ရှိလာသော ပရိသတ်တို့အား စားဖွယ်၊ သောက်ဖွယ်များဖြင့် ဧည့်ခံကျွေးမွေးပါမည်။ မည်သူ့ကိုမျှ ဖိတ်ကြားခြင်းမပြုပါ။

"သက်ရှည်ကျန်းမာဖို့ တန့်ကြည့်တောင်မာရသွန် ဝင်နွှဲစို့" ပထမအကြိမ် အပြေးပြိုင်ပွဲတွင် အမျိုးသမီး လေးမိုင်၊ အမျိုးသား ခုနစ်မိုင်၊ ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်း၊ တတိယဆု ကျပ်ငါးသောင်းအပြင် ဖွဲ့ဆုများလည်း ပေးပါမည်။

**(တန့်ကြည့်တောင်ဆရာတော်ကြီး၏ မွေးနေ့ကျင်းပရေးအဖွဲ့၊ တန့်ကြည့်တောင်၊ ပခုက္ကူမြို့နယ်။)**

## ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၃**

(၁၆)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် သုရမောင်သိန်းခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးသိန်းနိုင် **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ လေတပ်စခန်းဌာနချုပ်မှူး၊ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်မတော်(လေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့တော်စည်ပင်တို့မှ ဒိုင်လူကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ၂၆ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၄-၉-၂၀၀၈ရက်**
**(ဗုဒ္ဓဟူးနေ့)**
**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၇:၅၀ ၅။ **ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ** လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊စိုးမြတ်နန္ဒာ၊ကြည်လဲ့လဲ့ဦး၊ လှအဉ္ဇလီတင့်
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) ဝါသနာရှင် (ဒုတိယတန်းအဆင့်) (အမျိုးသမီး)**
- ၈:၃၀ ၈။ International News
- ၈:၄၀ ၉။ ဝမ်ပုံရေလှောင်တမံ
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄:၃၀ ၄။ သီချင်းကြီးပဒေသာ
- ၄:၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၀ ၆။ အကပြိုင်ပွဲ
- ၅:၀၀ ၇။ တေးဂီတအစီအစဉ်
- ၅:၁၀ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၂၀ ၉။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)**
- ၅:၃၀ ၁၀။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ မြန်မာ့လေ့ရိုးရာလက်ဝှေ့
- ၆:၅၀ ၁၄။ အကပြိုင်ပွဲ
- ၇:၀၀ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၃၀ ၁၆။ ဆိုလိုက်ကြစို့
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ပြဇာတ်ပြိုင်ပွဲ) စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည် (ပထမဆု) (မန္တလေးတိုင်း)**
- ၂၁။ အစီအစဉ်ပြီး၏။

## သဲကုန်းအထက အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၃**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် သဲကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများက အငြိမ်းစား သက်ပြည့် ဆရာကြီး ဆရာမကြီး၆၃ဦးတို့အား (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် အောက်တိုဘာ၁၃ရက် မွန်းလွဲ၁နာရီတွင် သဲကုန်းအထက ချယ်ရီဆောင် သာဓုခန်းမတွင် ကျင်းပရန် စီစဉ်ထားသည်။

ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကြရန်နှင့် ဦးဇော်ဝင်း ဖုန်း-၀၁-၅၉၀၃၄၅၊ ၀၁-၅၉၀၂၁၈၊ ဦးဝမ်းမြင့် ဖုန်း-၀၉-၅၀-၂၈၃၉၅၊ ဦးသိန်းစိုး ဖုန်း-၀၆၇-၂၁၁၈၄၊ ဦးမွေးလွင် ဖုန်း-၀၅၃-၂၂၁၀၄၊ ၀၅၃-၂၂၁၇၇၊ ဦးအေးလွင် ဖုန်း-၀၅၃-၂၄၄၃၂၊ ဦးတင်အေး ဖုန်း-၀၅၃-၂၁၂၉၃၊ ၀၅၃-၂၄၁၆၅၊ ဦးတင်ဦး (အတွင်းရေးမှူး)ဖုန်း-၀၅၃-၃၈၂၂၂၊ ၀၅၃-၃၄၃၈၈၊ လိုင်းခွဲ-၂၉၊ ဦးညွန့်သိန်း (ဘဏ္ဍာရေးမှူး) ဖုန်း-၀၅၃-၃၈၂၂၂၊ ၀၅၃-၃၄၃၈၈၊ လိုင်းခွဲ-၁၄၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ကလော စက်မှုလက်မှု (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

**ရန်ကုန် စက်တင်ဘာ ၂၃**

ကလောစက်မှုလက်မှု သိပ္ပံကျောင်းသား ကျောင်းသူဟောင်းများ (၁၉၆၉-၁၉၈၁)၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်တိုဘာ ၁၂ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီမှ မွန်းတည့်၁၂နာရီအထိ ကလောမြို့ အမှတ်(၄)ရပ်ကွက်ရှိ မြို့မပရိယတ္တိစာသင်တိုက်၌ ကျင်းပရန် စီစဉ်ထားသည်။

ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသူ ကျောင်းသားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်၊ ရန်ကုန်မြို့ ဦးညွန့်လွင် ဖုန်း-၀၉-၅၁-၆၈၉၅၃၊ ဦးမျိုးဝင်း ဖုန်း-၀၉-၅၁-၀၅၅၇၃၊ ဒေါ်ဉမ္မာ ဖုန်း-၀၉-၅၁-၆၁၃၀၅၊ ဦးစိုးစိုးအောင် ဖုန်း-၀၉-၅၁-၀၆၁၅၆၊ မန္တလေးမြို့ ဦးထွန်းအောင် ဖုန်း-၀၉-၂၀-၁၃၁၀၆၊ ဦးသိန်းထွန်း ဖုန်း-၀၉-၂၀-၁၉၇၅၄၊ ၀၂-၆၂၄၆၁၊ ဦးတင်ထွန်းမင်း ဖုန်း-၀၉-၅၁-၃၇၀၈၈(SPA)၊ ကလောမြို့ ဦးသန်းစိုး ဖုန်း-၀၈၁-၅၀၃၂၀၊ ဦးကျော်မင်း ဖုန်း-၀၉-၅၂-၈၀၁၄၀၊ ၀၈၁-၅၀၁၂၀၊ ဦးအောင်နိုင် ဖုန်း-၀၈၁-၆၀၀၃၃၊ ဦးယုကြည် ဖုန်း- ၀၈၁-၆၀၁၀၆၊ နေပြည်တော် ပျဉ်းမနား ဦးမွေးအောင် ဖုန်း-၀၆၇-၂၂၂၄၆၊ ဦးအောင်စိုး ဖုန်း-၀၆၇-၄၀၉၁၆၂၊ မုံရွာမြို့ ဦးသောင်းတင် ဖုန်း-၀၇၁-၂၂၂၂၆၊ ၂၂၂၂၅၊ Ext-၃၃၂၊ ဒေါ်အေးအေးထွေး ဖုန်း-၀၇၁-၂၁၆၅၆၊ ပြင်ဦးလွင်မြို့ ဦးကျော်ညွန့် ဖုန်း-၀၉-၂၀-၄၄၃၂၀၊ မိတ္ထီလာမြို့ အရာခံဗိုလ်ညွန့်လှိုင် ဖုန်း-၀၉-၅၁-၆၂၃၀၃၊ ဒုတိယအရာခံဗိုလ် တင်ရှိန် ဖုန်း-၀၉-၅၁-၁၇၉၁၈တို့သို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် အာစရိယပူဇော်ပွဲ တက်ရောက်ရန် အောက်တိုဘာ၁၀ရက် မွန်းတည့်၁၂နာရီတွင် ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာမည်ဖြစ်သည်။ လိုက်ပါလိုသူများသည် စက်တင်ဘာ၂၀ရက် နောက်ဆုံးထား၍ ဦးမျိုးဝင်းနှင့် ဒေါ်ဉမ္မာထံသို့ ဆက်သွယ်စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

## ကျောက်ချောခင်း

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြမြေနုဒ္ဒာလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးချစ်ငွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကြီးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး မိုးကောင်း၌ ခြင်ဆေးဖျန်း

မိုးကောင်း စက်တင်ဘာ ၁၆

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ ဩဂုတ် ၃ ရက်က နမ္မတီး ကျေးရွာအုပ်စု ငွေမောင်းအခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်း အဖွဲ့ပိုင် ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်း လုပ်ငန်း ဆောင်ရွက်ကြရာ အမှုဆောင် အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် ကျေးရွာအုပ်စု အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင်တို့ ကြီးကြပ်ပေးကြောင်း သိရ သည်။ (ဝဝ၁)

စစ်တွေမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ပိုင် ယာဉ်၊ စက်၊ ယန္တရားများ၏ ကြံ့ခိုင်မှုကို ဩဂုတ် ၁၄ ရက် က ရခိုင်ပြည်နယ် စည်ပင် သာယာ ရေးအဖွဲ့ ညွှန်ကြား ရေးမှူး ကွင်းဆင်း စစ်ဆေးရာ အမှု ဆောင် အရာရှိ ဦးဖုန်းလွင်က ရှင်း လင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

## မြစ်ကြီးနားမြို့နယ် မိခင်/ကလေးအသင်း သွေးလွန်တုပ်ကွေး ကာကွယ်ရေးပညာပေး

မြစ်ကြီးနား စက်တင်ဘာ ၁၄

မြစ်ကြီးနားမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ သွေးလွန်တုပ်ကွေး ရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၅ရက် မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အသိပညာပေး**

ရှေးဦးစွာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖွားရီက သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားရေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေး ဟောပြောသည်။

**ဟောပြော**

ဆက်လက်၍ ဒေသန္တရကျန်းမာရေးဌာန လက်ထောက်ဆရာဝန် ဒေါက်တာ ဒေါ်ဖြူမာမြင့်က သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားရခြင်းအကြောင်းနှင့် ရောဂါလက္ခဏာ များအကြောင်း ရှင်းလင်းဟောပြောသည်။

**အိုင်အိုဒင်းဆားဝေ**

ထို့နောက် တက်ရောက်လာကြသည့် မိခင်လောင်း ၈၂ ဦးအား သွေးလွန်တုပ်ကွေး အသိပညာပေး လက်ကမ်းစာစောင်များဝေငှခြင်း၊ ကိုယ်ဝန်ဆောင်များအား သံဓာတ်ပါ အားဆေး၊ အာဟာရထုပ်များနှင့် အိုင်အိုဒင်းဆားများ ဝေငှခြင်းတို့ကို ဆောင်ရွက်ကြ ကြောင်း သိရသည်။ (ဝဝ၃)

## မြို့နယ် သတင်းများ

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းသာယာလှပရေး အတွက် မင်းဘူးတန်းလမ်းနှင့် ကြာနီကန်လမ်း ဘေးဝဲယာ တစ်လျှောက် ကတ်တိုးရှေ့ မြက်ပေါက်ခြင်း၊ မြက်ဖြတ်ခြင်းလုပ်ငန်းများကို ဩဂုတ် ၂၉ ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက် ရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုး ကြီးကြပ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

## ကျိုက်ထိုမြို့၌ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

ကျိုက်ထို စက်တင်ဘာ ၁၄

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ စုပေါင်း၍ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကို စက်တင်ဘာ ၈ ရက်ညနေ ၄ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

**ရည်ရွယ်ချက်**

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်ရင်မြတ်က အမှာစကားပြော ကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စော လင်းက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

**ဖတ်ကြား**

ဆက်လက်၍ စာဖတ်ဝိုင်း ဆွေးနွေးပွဲကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နွယ်နီဝင်းက မြန်မာ့အလင်းသတင်းစာပါ ဦးသန်း ထွတ်၏ စာတတ်မြောက်ရေး စာဖတ်ဝါသနာပျိုးထောင်ပေး ဆောင်းပါးကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင် ဒေါ်ခင်လှက မြန်မာ့အလင်း သတင်းစာပါ ဦးအောင်ကျော်ကျော်၏ သက်ရှည်ကျန်းမာဖို့ စာဖတ်ကြပါစို့ဆောင်းပါး ကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုက္ခမီမြို့ အခြေခံ ပညာ အ ထက် တန်း ကျောင်း(၂၀၀၇-၂၀၀၈)ပညာသင် နှစ် မိဘ ဆရာ အသင်း နှစ်ပတ် လည် အစည်း အဝေးနှင့် ပညာ ရည်ချွန်ဆုပေးပွဲ ကို စက်တင်ဘာ ၇ရက်က ယင်း ကျောင်း၌ ကျင်းပ ရာ မြို့နယ် ပညာ ရေးမှူး (ငြိမ်း) ဦးခင်မောင်ဦးက လေး ဘာ သာ ဂုဏ် ထူး ရှင် မောင်အောင်သူရ ဖြိုးအား ဂုဏ်ပြုရွှေစင်ဆု ချီးမြှင့်စဉ်။ (ပညာရေး)

ဩဂုတ် ၁၅ ရက်က ဆောမြို့ မြို့ဝင်ဆိုင်းဘုတ်နှင့် မြေယာရှုခင်းအလှ ပြုလုပ်ထားမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟန်မြင့်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## ဝိုင်းမော်စည်ပင်ညွှန်/မှူး စည်းလုံးခြင်းသည်အင်အား ရုပ်တုကြည့်ရှုစစ်ဆေး

ဝိုင်းမော် စက်တင်ဘာ ၁၂

ကချင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေသည် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့အဝင်တွင် ဆောင်ရွက်ပြီးသော စည်းလုံး ခြင်းသည်အင်အား ရုပ်တုကို ကွင်းဆင်း စစ်ဆေးသဖြင့် အမှုဆောင်အရာရှိက ရုပ်တု ဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြရာ ညွှန်ကြားရေးမှူးက ရုပ်တု အတွင်း ပန်းအလှပင်များ စိုက်ပျိုးရန် မှာကြားကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

## မော်ဘီမြို့နယ် အထက်တန်းကျောင်းများတွင် မြို့နယ် ပြန်/ဆက် ကွင်းဆင်းဟောပြော

မော်ဘီ စက်တင်ဘာ ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက်၁၀နာရီက ဝါးနက်ချောင်းကျေးရွာ အထက၌ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ယဉ်လွင်က အမှာစကားပြောကြားသည်။

**ဟောပြော**

ဆက်လက်၍ မော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးက ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(အောက်ပုံ)**

**ကျင်းပ**

အလားတူ စက်တင်ဘာ ၅ရက်က မြောင်းတကာ ကျေးရွာ အထက၌လည်းကောင်း၊ စက်တင်ဘာ ၉ရက် နံနက်ပိုင်းက မော်ဘီအထက(၂)နှင့် မွန်းလွဲပိုင်းတွင် အထက(၁) ပညာရတနာခန်းမတို့၌လည်းကောင်း ပညာပေးဟောပြောပွဲများ ကျင်းပကြောင်း သိရ သည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်နှင့် အဖွဲ့ ဩဂုတ်၈ရက်က သနပ်ပင် မြို့ဝင်ဆိုင်းဘုတ်၌ ရာသီအလိုက် ပန်းများဖူးပွင့်စေရေး အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ဝ၅ဝ)

## စာတတ်မြောက်ရေးနေ့ သီပေါတွင်ကျင်းပ

သီပေါ စက်တင်ဘာ ၁၃

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အခြေခံပညာ အထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပရာ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က ဖတ်ကြားသည်။

**ရှင်းလင်း**

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးသန်းဆွေက နိုင်ငံတကာ စာတတ် မြောက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော စာတတ်မြောက်ရေးဝိုင်းဝန်းပေး အကောင်း ဆုံးသော ကုသရေး ခေါင်းစဉ်နှင့် ပညာရေး ဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက် ရှိသည့် မြန်မာနိုင်ငံ စာတတ်မြောက်ရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

**လှူဒါန်း**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က ကျောင်းစာကြည့်တိုက် အတွက် သုတ၊ ရသစာအုပ် ၇၀ နှင့် စာရေး ဆရာချစ်နိုင်(စိတ်ပညာ) ရေးသားသော စာအုပ်များကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြက မဂ္ဂဇင်းစာအုပ်များနှင့် အမျိုးသမီးရေးရာ မဂ္ဂဇင်းစာအုပ်၅၀တို့ကို မြို့နယ်ပညာရေးမှူး ဦးသန်းဆွေထံ ပေးအပ်လှူဒါန်းကြသည်။ (ဝ၂ဝ)

24-9 (15).pmd 1 9/24/2008, 3:12 AM

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေအေးကွင်းရပ်ကွက် ခြင်္သေ့လမ်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြောင်းအတွင်း မြေကြီးများ၊ နုန်းများဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းကို ဩဂုတ် ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

## အာဟာရဖွံ့ဖြိုးရေး အချက်အပြုတ်ပြိုင်

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန် တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အချက်အပြုတ်ပြိုင်ပွဲကို စက်တင်ဘာ ၂၁ရက် မွန်းလွဲ ၁ နာရီက သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ ခရိုင်အတွင်းရှိ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများမှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ပထမဆုကို ခရမ်းမြို့နယ်၊ ဒုတိယဆုကို သန်လျင်မြို့နယ်၊ တတိယဆုကို ကွမ်းခြံကုန်းမြို့နယ်၊ အထူးဆုကိုကော့မှူးမြို့နယ်နှင့် ဆိပ်ကြီးခနောင်တို မြို့နယ်တို့ရရှိကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ထားဝယ်မြို့ မြို့ဝင် ဆိုင်းဘုတ်ပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်မှုကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးထွန်းဝင်းလတ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## မြို့နယ်သတင်းများ

## ဝမ်းတွင်းမြို့၌ စာဖတ်သူတိုးပွားရေး အသိပညာပေး ဟောပြော

ဝမ်းတွင်း စက်တင်ဘာ ၁၃

ဝမ်းတွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် စာဖတ်သူတိုးပွားရေး အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၄ရက် နံနက် ၉နာရီက သဲတော-ဝမ်းတွင်း အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးမင်းအောင်က အဖွင့်အမှာ စကားပြောကြားပြီး ပညာရေးမှူး ဦးထွန်းမြင့်က စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာဖတ်သူတိုးပွားရေး အသိပညာပေး ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များ၊ ဓာတ်ပုံပြပွဲနှင့်စာအုပ်ပြပွဲများကို ကြည့်ရှုကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

## နမ့်စန် မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

နမ့်စန် စက်တင်ဘာ ၁၅

၂၀၀၈ခုနှစ် ရှမ်းပြည်နယ် (တောင်ပိုင်း)လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကျေးရွာ၊ ရပ်ကွက်အလိုက် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ၃ရက် ညနေ၃နာရီက နမ့်စန်မြို့ ဘောလုံးကွင်း၌ ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် ရပ်ကွက်(၅)ဘောလုံးအသင်းနှင့် ရပ်ကွက်(၂)ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရပ်ကွက်(၅)ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ ပထမရရှိသောရပ်ကွက်(၅) ဘောလုံးအသင်းအား နမ့်စန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ က တံခွန်စိုက်ဆုဖလား ချီးမြှင့်သည်။

(အပေါ်ပုံ) (ပြည်နယ် အား/က)

## ပန်းအလှပင်များ ကောလင်းတွင်စိုက်ပျိုး

ကောလင်း စက်တင်ဘာ ၁၄

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်မော်လီဌေး ဦးဆောင်သောဝန်ထမ်းများကကောလင်းမြို့ ၁၀လမ်းဘေးဝဲယာတစ်လျှောက်တွင် ပန်းအလှပင်စိုက်ပျိုးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင် ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (ဝ၃၂)

ရသေ့တောင် မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ရသေ့တောင် မြို့ပေါ်ရှိ အမက ကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အတွက် ခြင်ဆေး ဖျန်းခြင်း ဆောင်ရွက်မှုကို အမှုဆောင် အရာရှိ ဦးတင်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းဦးကြည်တို့ ကြီးကြပ်ဆောင်ရွက် ပေးစဉ်။ (မြို့နယ်စည်ပင်)

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ဇူလိုင် ၂၆ ရက်က မြို့ပေါ်စွယ်တော်လမ်းဘေးဝဲယာတစ်လျှောက်ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းရာ အမှုဆောင် အရာရှိ ဦးတင်ကိုကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက စိမ်းလန်းစိုပြည်ရေးအတွက် ပြည်ထောင်စုလမ်းမကြီးဘေး ဝဲယာတွင် ဩဂုတ် ၂၇ရက်က အရိပ်ရပင်များ စိုက်ပျိုးရာသို့ အမှုဆောင်အရာရှိ ဦးဝင်းဖေ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

## မြစ်ကြီးနား မြို့မဈေးပတ်ဝန်းကျင် သန့်ရှင်းသာယာရေးလုပ်ငန်းဆောင်ရွက်

မြစ်ကြီးနား စက်တင်ဘာ ၁၈

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးပတ်ဝန်းကျင် သန့်ရှင်းသာယာပြီး ကျန်းမာရေးနှင့်ညီညွတ်သောဈေးများဖြစ်စေရန် အဖွဲ့ဝန်ထမ်းများဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ရက်က ဒုတိယဦးစီးမှူး(ဈေး)ဒေါ်ရွှယ်ဂျာနှင့် ဝန်ထမ်းများသည် အမှတ်(၁)ဈေးနှင့် အမှတ်(၂)ဈေးအကြား ဈေးကြီးလမ်းပေါ်နှင့် ခရေပင်လမ်း၊ စိမ်းမြရောအကြား အောင်ဆန်းလမ်းမကြီးပေါ်တွင် ပုံမှန်ညနေဈေး တည်ခင်းရောင်းချလျက်ရှိသော ဈေးသည်များမှ ထွက်ရှိလာသည့် အမှိုက်များသိမ်းဆည်း ဆောင်ရွက်မှုကို မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့် အင်ဂျင်နီယာမှူးဦးသိန်းမြင့်တို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

## စဥ့်ကူးမြို့နယ် ပြန်/ဆက်ဦးစီးဌာန ကြီးမှူး စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

စဥ့်ကူး စက်တင်ဘာ ၂၀

စဥ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်း**

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်နုက စာကြည့်တိုက် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းတို့ကို ရှင်းလင်းပြောကြားသည်။

**ပို့ချ**

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ကျေးရွာအုပ်စု ၃၉အုပ်စုတို့မှ စာရေးဝန်ထမ်း ၃၉ဦး တက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူးနှင့် စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ထွန်းစန္ဒာလင်းတို့က အခြေခံစာကြည့်တိုက်ပညာရပ်များကို ရှင်းလင်းပို့ချကြသည်။

(မြို့နယ် ပြန်/ဆက်)

မကွေးတိုင်း မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးနေမျိုးတို့ ဩဂုတ် ၂၆ရက်က မြို့တွင်းလမ်းများ လမ်းပေါက်ဖာထေးမှုကို စစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## အရာတော်မြို့နယ် မလဲသာကျေးရွာ မီးဘေးသင့် ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်များထုတ်ပေး

အရာတော် စက်တင်ဘာ ၁၅

မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနမှ စက်တင်ဘာ ၁ရက်က အရာတော်မြို့နယ် မလဲသာကျေးရွာ မီးဘေးသင့်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်သိန်းက မီးဘေးသင့်ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို မလဲသာကျေးရွာ ဥက္ကဋ္ဌ ဦးသိန်းဝင်းထံ ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် အသား၊ငါးများ ရောင်းချမှုကို အလေးချိန်ခွင်ပြည့်ဝခြင်း ရှိမရှိ စစ်ဆေးကြပ်မတ် လျက်ရှိရာ ဩဂုတ်၂၇ရက်က လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းရွှေ၊ ဒုတိယ ဦးစီးမှူး(ဈေး) ဦးဝင်းရွှေနှင့်အဖွဲ့ ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

## ကောလင်းမြို့၌ တံဖူးတံတား ပြုပြင်တည်ဆောက်

**ကောလင်း စက်တင်ဘာ ၁၂**

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နှင့်ကျေးလက်လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၂၅ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ချိုချိုနွယ် တာဝန်ယူဆောင်ရွက်သော ကောလင်း-တောင်မော် ကျေးလက်လမ်းပေါ်ရှိ တံဖူးတံတားပြုပြင်ဆောင်ရွက်မှုအခြေအနေကို ကောလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့်တာဝန်ခံ အင်ဂျင်နီယာဦးလှမျိုးဝင်းတို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ဝ၃၂)**

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဩဂုတ် ၂၂ ရက်က တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်၊ ယန္တရားများထိန်းသိမ်းပြုပြင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

## ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်မျိုးစုံ စစ်တွေ၌လှူဒါန်း

**စစ်တွေ စက်တင်ဘာ ၁၈**

စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံလှူဒါန်းပွဲကို စက်တင်ဘာ ၁၅ရက်က အဆိုပါ စစ်တွေခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝေက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူး ဦးသိန်းတန်အောင်တို့က ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာကြည့်တိုက်စံ (၅)ချက်နှင့်အညီ ကိုယ်ပိုင်အဆောက်အအုံ၊ ကိုယ်ပိုင်မြေတို့ ဖြစ်ပေါ်လာရေးတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် စာအုပ်အလှူရှင်၁၀ဦးက သုတ၊ ရသ စာအုပ်မျိုးစုံအုပ် ၅၅၀ကို ပေးအပ်လှူဒါန်းကြသည်။

**(ခရိုင် ပြန်/ဆက်)**

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သော အခြံကျေးရွာအုပ်စု မိချောင်းရပ်ကျေးရွာ ရေပေးရေးလုပ်ငန်းကို ဩဂုတ် ၂၈ရက်က အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအာကာမြတ်သူတို့ ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ ဦးလှမျိုးဇော်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## ဟသ်ာတမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

**ဟသ်ာတ စက်တင်ဘာ ၂၀**

ဟသ်ာတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)ကို စက်တင်ဘာ ၇ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဟသ်ာခန်းမ၌ ကျင်းပသည်။

### ပေးအပ်ချီးမြှင့်

အစည်းအဝေးတွင် သဘာပတိ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်တင်က အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဟသ်ာတမြို့နယ်မှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် လေဘေးသင့်ဒေသများသို့ သွားရောက်ကူညီကြသော အသင်းဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(၁၇၇)**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လမ်းပခုံးများ ပြုပြင်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

၂၀၀၈ခုနှစ် ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ကျေးရွာပေါင်းစုံ အကြီးတန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို စက်တင်ဘာ ၂ရက်က ကျိုက်ထိုမြို့ အားကစားပြိုင်ကွင်း၌ ကျင်းပရာ ခေတ္တမြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူးခင်အောင်က ပထမဆုနှင့် တံခွန်စိုက်ဒိုင်းကို ကင်မွန်းချောင်းကျေးရွာ အသင်းအား ဆုချီးမြှင့်စဉ်။ (မြို့နယ် အား/ကာ)

## နေပြည်တော်လယ်ဝေး ကြံ့ခိုင်ဖွံ့ဖြိုးရေး နှစ်ပတ်လည်စည်းဝေး

နေပြည်တော်လယ်ဝေး စက်တင်ဘာ ၁၇

**နေပြည်တော်လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၁၄ရက် နံနက် ၉နာရီက အထက(၁)ရွှေရတုခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် (နေပြည်တော်ပျဉ်းမနားခရိုင်တာဝန်ခံ)ဦးဘိုနီနှင့် နေပြည်တော်ပျဉ်းမနားခရိုင်အသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးတို့က အမှာစကားပြောကြားပြီး နေပြည်တော်လယ်ဝေး အသင်းအတွင်းရေးမှူးဦးဌေးဝင်းနှင့် တက္ကသိုလ်ပညာသင်ထောက်ပံ့ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးမြင့်လွင်တို့က ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရောဝတီတိုင်း လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ပါဝင်လုပ်အားပေးသူများနှင့် ငါးဘာသာ ဂုဏ်ထူးရရှိသူ လေးဦးအား တိုင်းအလုပ်အမှုဆောင် ဦးဘိုနီက လည်းကောင်း၊ လေးဘာသာဂုဏ်ထူးရရှိသူ ခုနစ်ဦးအား ခရိုင်အသင်း အတွင်းရေးမှူးဦးခင်မောင်ဌေးနှင့် မြို့နယ်အသင်း အတွင်းရေးမှူးဦးဌေးဝင်းတို့ကလည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦးအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ရွှေနှင့် မြို့နယ်ပညာရေးမှူး ဦးတင်ထွဋ်တို့ကလည်းကောင်း၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၁၀ဦးအား မြို့မိမြို့ဖ ဦးမြင့်လွင်၊ အလှူရှင် ဦးဇော်မင်း၊ ဦးတင်ဖေတို့ကလည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးရရှိသူ၃၄ဦးအား မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များကလည်းကောင်း ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ **(ဝ၈၃)**

## ဆေးဝါးနှင့်လူသုံးကုန်များ ထောက်ပံ့

**ပခုက္ကူ စက်တင်ဘာ ၂၂**

ပခုက္ကူခရိုင်/မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် စေတနာရှင်၊ အလှူရှင်များ ပူးပေါင်း၍ ပခုက္ကူအကျဉ်းဦးစီးတွင် အကျဉ်းကျခံနေရသူများအတွက် ဆေးဝါး၊ လူသုံးပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများ တန်ဖိုးငွေကျပ် ၅၇၇၁၀၀ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ၁၉ရက် နံနက်၉နာရီက အဆိုပါ အကျဉ်းဦးစီး၌ကျင်းပရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင်အလုပ်အမှုဆောင် ဦးခင်မောင်အေးက အကျဉ်းဦးစီးဌာန တာဝန်ခံအရာရှိထံ လှူဒါန်းသောပစ္စည်းများ ပေးအပ်ရာ တာဝန်ခံအရာရှိက လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (ဝ၇ဝ)

ကချင်ပြည်နယ် ဟိုပင်မြို့ဈေးလမ်း ပြုပြင်ဆောင်ရွက်မှုကို ဩဂုတ် ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးအောင်ထွဋ် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ငပုတောမြို့ မြို့မတံတား ပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၁ရက်က အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးခင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

ဝိုင်းမော် ဩဂုတ် ၂၉

**ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သော ရပ်ကွက်၊ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၉ရက် နံနက်၈နာရီခွဲက အဆိုပါမြို့နယ်ရုံး၌ကျင်းပရာ ဥက္ကဋ္ဌ ဦးတင်ဝင်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။** (မြို့နယ် ပြန်/ဆက်)

ရှခင်းသာအခွန်လွတ်ဈေး ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သာကေတမြို့နယ် ရှခင်းသာအခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အခွန်လွတ်ဈေးများကို လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ရန်ကင်းမြို့နယ်၊ တာမွေမြို့နယ်၊ သာကေတမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့ရှိ အခွန်လွတ်ဈေးများသို့ သွားရောက်ကာ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ ကြက်သား၊ ကြက်ဥနှင့် ငါး၊ ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချို ရေငန်ငါးမျိုးစုံနှင့် နို့ထွက်ပစ္စည်းအရောင်းဆိုင်များ၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စားဖိုဆောင်သုံးသီးနှံများ၊ ဆန်အရောင်းဆိုင်များ၊ စားအုန်းဆီအရောင်းဆိုင်များနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဘုရင့်နောင်ပွဲရုံတွင် ကြက်သွန်နီများ လှိုင်လှိုင်ပေါ ငါး၊ ပုစွန်အဝင်များ၍ ဈေးနှုန်းတည်ငြိမ်

ဈေးကွက်သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ - အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် စက်တင်ဘာ ၂၃

စားသုံးသူပြည်သူများ၏ အခြေခံစားကုန်ဈေးနှုန်းနှင့် ကုန်ပစ္စည်းများရောက်ရှိမှု အခြေအနေများ သိရှိနိုင်ရန် စက်တင်ဘာ ၂၂ ရက်က ရန်ကုန်တိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းတည်ရှိရာ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ရောက်ရှိခဲ့သည်။ မြေညီထပ်ရှိ အသင်းအဆောက်အအုံအတွင်း ပွဲရုံပိုင်ရှင်များ၊ ကုမ္ပဏီပိုင်ရှင်များ၊ ကုန်ပစ္စည်းအမျိုးအစားအလိုက် လုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများက ယနေ့ရောက်ရှိလာသော စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းနှင့်အရေအတွက် ညှိနှိုင်းကာ ဈေးနှုန်းအတက်အကျသတ်မှတ်ပြီး အရောင်းအဝယ်ပြုလုပ်နေကြသည်ကို တွေ့ခဲ့ရသည်။

စာမျက်နှာ ၁၁ ကော်လံ ၃ *

ဟဲဟိုးနှင့် အောင်ပန်းမှဝင်လာသော အာလူးများကို ဘုရင့်နောင်ကုန်စည်ဒိုင်ပွဲရုံများ၌ လက်လီလက်ကား ရောင်းချပေးနေသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

# Calsome Challenge Fight-1 မှ ပထမတန်းလက်ဝှေ့ကျော် စောငမန်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချော(ညောင်တုန်း)၏ ရင်တွင်းစကား

၂၀၀၇ ခုနှစ် တာချီလိတ်မြို့တွင် ယှဉ်ပြိုင်ခဲ့စဉ်က သရေကျခဲ့သော လုံးချောနှင့် စောငမန်းတို့ အကြိတ်အနယ် ထိုးသတ်ခဲ့သည်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - ဇင်လင်းထွန်း(နေဖြူ)
စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှ ကြီးမှူး၍ Calsome ကွေကာ (MDG Co., Ltd.) ၏ အဓိက ကူညီပံ့ပိုးမှုဖြင့် T & T Group မှ တာဝန်ယူစီစဉ်သည့် Calsome Challenge Fight-1 မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများကို စက်တင်ဘာ ၂၇ရက်နှင့် ၂၈ ရက် (စနေနှင့်တနင်္ဂနွေနေ့)များတွင် မွန်းလွဲ ၂ နာရီမှ စတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသွားမည်ဖြစ်ရာ ပထမနေ့၏ အဓိကစိန်ခေါ်ပွဲကြီးအဖြစ် ဝယ်လ်တာဝိတ်တန်း ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ သူရရဲအောင် (မြန်မာပြည်သား)နှင့် လိုက်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ဩစတြီးယားပြန် တွေ့မရှောင်(K.L.N)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ဒုတိယနေ့ အဓိကစိန်ခေါ်ပွဲကြီးအဖြစ် အလွတ်တန်းထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချော (ညောင်တုန်း)နှင့် ပထမတန်းလက်ဝှေ့ကျော် စောငမန်း(ဘားအံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

## သွားရောက်တွေ့ဆုံ

လုံးချောသည် ယခုပွဲမယှဉ်ပြိုင်မီက ဝဏ္ဏ(မျိုးဇာနည်)ကို ဒုတိယအချီ၌ အလဲထိုးခဲ့ပြီး ရန်ကြီးအောင် (မြို့တော်စည်ပင်)ကို စတုတ္ထအချီ၌ အလဲထိုးခဲ့သည့်အတွက် သူ၏ ယခုတတိယမြောက်ပွဲကို ပရိသတ်များက ပို၍စိတ်ဝင်စားလျက်ရှိရာ ၄င်းနေထိုင်လေ့ကျင့်ရာသို့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●